www.burmeseclassic.com



# မြနန်းစံကျော်

ရွှေနန်းတော်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | စကားဦး | ၁ |
| ၂။ | ရွှေနန်းတော်ကြီးဖြစ်စဉ် နောက်ခံသမိုင်းကြောင်း | ၃ |
| ၃။ | ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ခြင်း | ၅ |
| ၄။ | အထောက်အထားသမိုင်းမှတ်တမ်းများ | ၅ |
| ၅။ | ပြန်လည်တည်ဆောက်ရာတွင် ပြုပြင်ပြောင်းလဲမှုများ | ၇ |
| ၆။ | အရှေ့ပိုင်း မင်းခန်းတော်ဆောင်များ | ၈ |
| | အဆောင် (၁) အရှေ့စမုတ်ဆောင် | ၉ |
| | အဆောင် (၂) မြေနန်းစနဆောင် | ၉ |
| | အဆောင် (၃) လက်ဝဲမြေနန်းပွဲတက်ဆောင် | ၁၀ |
| | အဆောင် (၄) လက်ယာမြေနန်းပွဲတက်ဆောင် | ၁၀ |
| | အဆောင် (၅) မြေနန်းပြာသာဒ်တော်ကြီး | ၁၁ |
| | အဆောင် (၆) ဇေတဝန်စနဆောင် | ၁၅ |
| | အဆောင် (၇) ဇေတဝန်ဆောင် | ၁၆ |
| | အဆောင် (၈) ဖြတ်ပိုက်စနဆောင် | ၁၈ |
| | အဆောင် (၉) ဖြတ်ပိုက်ဆောင် | ၁၈ |
| | အဆောင် (၁၀) လေသာကျုံးစနဆောင် | ၂၀ |
| | အဆောင် (၁၁) လေသာဆောင် | ၂၁ |
| | အဆောင် (၁၂) ညီလာခံစနဆောင် (ဗောင်းတော်စနှ) | ၂၃ |
| | အဆောင် (၁၃) ဗောင်းတော်ဆောင် | ၂၄ |
| | အဆောင် (၁၄) မြောက်ထားဝယ်ဆောင် | ၂၅ |
| | အဆောင် (၁၅) တောင်ထားဝယ်ဆောင် | ၂၆ |
| | အဆောင် (၁၆) လက်ဘက်ရည်တော်ဆောင် | ၂၆ |

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဆောင် (၁၇) ရွှေတိုက်ဆောင် | ၂၇ |
| | အဆောင် (၁၈) အစည်းအဝေးအုတ်တိုက် | ၂၉ |
| | အဆောင် (၁၉) နန်းမြင့်မျှော်စင် | ၂၉ |
| | အဆောင် (၂၀) ကန်ငယ်အုတ်တိုက် | ၃၁ |
| | အဆောင် (၂၁) ရွှေနန်းတော်ကလေး | ၃၂ |
| | အဆောင် (၂၂) တောင်စမုတ်ဆောင် | ၃၃ |
| | အဆောင် (၂၃) တောင်ရေစက်သွန်းပြာသာဒ်ဆောင် | ၃၄ |
| | အဆောင် (၂၄) အုတ်တိုက်နန်းတော် | ၃၄ |
| | အဆောင် (၂၅) မြောက်စမုတ်ဆောင် | ၃၆ |
| | အဆောင် (၂၆) မြောက်ရေစက်သွန်းပြာသာဒ်ဆောင် | ၃၇ |
| | အဆောင် (၂၇) မြောက်ပန်းခုံအုတ်တိုက် | ၃၇ |
| | အဆောင် (၂၈) နံ့သာနန်းတော် (နံ့သာဆောင်) | ၃၈ |
| | အဆောင် (၂၉) ချိုးရေတော်သုံးအဆောင်နှင့် အိမ်သာတော် | ၄၀ |
| | အဆောင် (၃၀) မှန်နန်းစနုဆောင် | ၄၁ |
| | အဆောင် (၃၁) မှန်နန်းတော်ကြီး (မှန်နန်းဆောင်) | ၄၂ |
| | အဆောင် (၃၂) ပွဲကြည့်ဆောင် | ၄၃ |
| ၇။ | မိဖုရားအဆောင်များ | ၄၄ |
| | အဆောင် (၃၃ - ၃၆) မြောက်နန်းမဟေသီဆောင် | ၄၆ |
| | အဆောင် (၃၈) တပင်တိုင်နန်းဆောင် | ၄၇ |
| | အဆောင် (၃၉ - ၄၂) အလယ်နန်းမတော်မဟေသီဆောင် | ၄၇ |
| | အဆောင် (၄၃ - ၄၆) တောင်နန်းမတော်မဟေသီဆောင် | ၄၈ |
| | အဆောင် (၄၇ - ၄၈) ကောလင်းမင်းသမီးဆောင် | ၄၉ |
| | အဆောင် (၄၉ - ၅၁) စိန်တုံးမိဖုရားဆောင် | ၄၉ |





| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဆောင် (၅၂ - ၅၄) အလယ်နန်းမိဖုရားဆောင် (မယ်တော်ဆောင်) | ၅၀ |
| | အဆောင် (၅၅ - ၅၇) အနောက်နန်းမိဖုရားဆောင် | ၅၁ |
| | အဆောင် (၅၈ - ၆၀) ပခန်းကြီးမိဖုရားဆောင် | ၅၁ |
| | အဆောင် (၆၁ - ၆၃) မြောက်ဆောင်တော် | ၅၂ |
| | အဆောင် (၆၄ - ၆၅) ကန္တီထိပ်ခေါင်တင်အဆောင် | ၅၂ |
| | အဆောင် (၆၆ - ၆၈) မြောက်ရွှေရေးဆောင် | ၅၃ |
| | အဆောင် (၆၉ - ၇၄) သမီးတော် (၂) ဆောင် | ၅၃ |
| | အဆောင် (၇၅ - ၇၈) တောင်ရွှေရေးဆောင် | ၅၃ |
| | အဆောင် (၇၉ - ၈၁) တောင်ဆောင်တော်မိဖုရားဆောင် | ၅၄ |
| | အဆောင် (၈၂ - ၉၈) တန်းလျားရမိဖုရားဆောင်များ | ၅၄ |
| | အဆောင် (၉၉ - ၁၁၀) မိဖုရားငယ်ဆောင်များ | ၅၅ |
| ၈။ | အနောက်ပိုင်းမင်းခန်းတော်ဆောင်များ | ၅၇ |
| | အဆောင် (၁၁၁) အနောက်စမုတ်ဆောင် | ၅၇ |
| | အဆောင် (၁၁၂ - ၁၁၃) ပွဲတက် (ဝဲ / ယာ) ဆောင် | ၅၇ |
| | အဆောင် (၁၁၄) အနောက်ဇေတဝန်ဆောင် | ၅၈ |
| ၉။ | မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ပန္နက်ပုံစံနှင့် ပုံစံပါအဆောက်အဦးများအညွှန်း | ၆၀ |


www.burmeseclassic.com

www.burmeseclassic.com

# စကားဦး

မန္တလေး ရတနာပုံမြို့တည်နန်းတည် ဘဝရှင်မင်းတရားကြီး တည်ထောင် ဖန်ဆင်းခဲ့သော မြနန်းစံကျော် ရွှေနန်းတော်ကြီး၏အကြောင်းကို ရတနာပုံခေတ် နောက်ပိုင်း၌ ရေးသားထုတ်ဝေခဲ့သော ရာဇဝင်ကျမ်း အစောင်စောင်တို့တွင် အထူးအားဖြင့် မြို့တည်နန်းတည် စာတမ်းကြီးတွင် နန်းတည်စဉ်က ပြုလုပ်ဆောင်ရွက်ခဲ့ကြသော အစီအစဉ်၊ နေ့ရက်၊ နေ့စွဲ၊ အချိန်နာရီတို့ကို တိကျပြည့်စုံစွာ မှတ်တမ်းတင် ရေးသားထားခဲ့ကြပေသည်။

လွတ်လပ်ရေးမရမီ ကာလပိုင်းကပင် ရှေးဟောင်းသုတေသနဌာန (ယခင် မန္တလေး ကျောက်စာရုံးမှလည်း) ကျောက်စာဝန်မင်း တော်စိန်ခို၏ "မန္တလေးမြို့ သုတေသနမှတ်စု" (ARCHAEOLOGICAL NOTES ON MANDALAY) စာအုပ်နှင့် ကျောက်စာဝန်မင်း ဒူရွိုင်ဇယ်၏ "မန္တလေးမြို့ နန်းတော်ကြီးလမ်းညွှန်" (GUIDE TO THE MANDALAY PALACE) စာအုပ်များ။ ထို့နောက် လွတ်လပ်ရေးရပြီးခေတ်တွင် ရှေးဟောင်းသုတေသနဌာန ညွှန်ကြားရေးမှူး ဦးအောင်သော်၏ "မန္တလေးရွှေနန်းတော်ကြီး" (THE MANDALAY PALACE) စာအုပ်စသော မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ လမ်းညွှန်သဘောများပါရှိကြသည့် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာအုပ်များကို ထုတ်ဝေခဲ့ဖူးပါသည်။

ဆရာဖေကြီး၏ "ရွှေမြို့တော်ကြီးအကြောင်း" လက်ရေးမှတ်တမ်းကို အခြေခံ၍ ဆရာတော်ရွှေကိုင်းသားက ရတနာပုံဘိုးမှတ်စုအမည်ဖြင့် "မန္တလေး" စာအုပ်ငယ်နှင့် ရွှေကိုင်းသားအမည်ဖြင့် "အနှစ် ၁၀၀ ပြည့်မန္တလေး" စာအုပ်ကြီး ၂ အုပ်ကို ထုတ်ဝေကာ ရွှေနန်းတော်ကြီးအကြောင်းကို ပိုမိုပြည့်စုံစွာ ဖော်ပြရေးသားခဲ့ပြန်သည်။

ရွှေနန်းတော်ကြီးအကြောင်း ရေးသားသော စာအုပ်များအနက် လမ်းညွှန်စာအုပ်အဖြစ် အပေါ်လွင်ဆုံးမှာ ယင်းခဲထိပ်တင်မင်းသားကြီး ရေးသားခဲ့သော "ရွှေနန်းတော်ကြီး အကြောင်း" စာအုပ်ပင်ဖြစ်သည်။

ယခုတစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ မြနန်းစံကျော် ရွှေနန်းတော်ကြီးကို ၁၉၈၉ ခုနှစ်မှစ၍ ရှေးမူမပျက် ပြန်လည်တည်ဆောက်လျက်ရှိရာ ရွှေနန်းတော်ကြီးသို့ လာရောက်ကြည့်ရှုလေ့လာကြသူတို့အတွက် "ရွှေနန်းတော်ကြီး လမ်းညွှန်" စာအုပ်ဖြစ်မြောက်ရေးသည် အမှန်ပင်လိုအပ်လျက်ရှိပေရာ အထက်ဖော်ပြပါ

www.burmeseclassic.com

စာအုပ်များမှ အထူးသဖြင့် နန်းတော်ကြီးတွင် မင်းသားဘဝနှင့် နေထိုင်ခဲ့ဖူးသူ ယင်းခဲထိပ်တင်မင်းသားကြီး၏ ကိုယ်တိုင်ရေးသားချက်များကို အဓိကမှုတည်၍ ဆရာကြီးဦးမောင်မောင်တင်ထံမှ တစ်ဆင့် ကြားနာမှတ်ယူလေ့လာခဲ့သမျှသော ဝက်မစွပ်ဝန်ထောက်မင်း၏မှတ်တမ်းများ၊ ဆရာကြီးရွှေပြည်ဦးဘတင်၏ မှတ်စုများပါ စုပေါင်းပါဝင်စေလျက် –

- အချိန်တိုတိုအတွင်း
- စာအနည်းငယ်ကိုဖတ်၍
- ဗဟုသုတများများ

ရနိုင်စေရန်ရည်ရွယ်ပြီး ဤရွှေနန်းတော်ကြီးလမ်းညွှန်စာအုပ်ကို ပြုစုရေးသားရခြင်းဖြစ်ပါသည်။

နန်းတော်ကြီးလမ်းညွှန်စာအုပ်
ထုတ်ဝေရေးကော်မတီ

www.burmeseclassic.com

## ရွှေနန်းတော်ကြီး၏ဖြစ်စဉ် နောက်ခံသမိုင်း

မင်းတုန်းမင်း၊ ပုဂံမင်းတို့၏ခမည်းတော် သာယာဝတီရွှေဘိုမင်းတရားသည် နောင်တော်စစ်ကိုင်းမင်း (ဘကြီးတော်) ထံမှ ရတနာပူရ အင်းဝရွှေနန်းကို လွှဲပြောင်းစိုးစံတော်မူပြီးနောက် မြို့တော်ကို အမရပူရသို့တစ်ဖန် ပြောင်းရွှေ့စံမြန်းတော်မူသည်။

သက္ကရာဇ် ၁၂၀၂ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၄၀ ခုနှစ်) တွင် ရွှေနန်းတော်ကြီးပြီးပြေ၍ နန်းမြို့တော်ကို "အောင်မြေစံရာ" ရွှေနန်းပြာသာဒ်တော်ကြီးကို "အောင်နန်းသာစံ" ဟု ကမ္ပည်းတပ်တော်မူသည်။ ထို အောင်နန်းသာစံ ရွှေနန်းတော်ကြီးတွင်ပင် သားတော်ပုဂံမင်း ဆက်လက် စိုးစံတော်မူသည်။

ညီတော်မင်းတုန်းမင်းလက်ထက်တွင်ကား မြို့တော်ကို မန္တလေးသို့ပြောင်းရွှေ့စံမြန်းရန် အကြံတော်ရှိသဖြင့် ရဟန်းပညာရှိ၊ လူပညာရှိတို့၏ တိုင်ပင်လျှောက်ထားချက်အရ သက္ကရာဇ် ၁၂၁၈ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၅၇ ခုနှစ်) မှစ၍ မန္တလေးအရပ်၌ မြို့ရာချင်းနင်းစေပြီး မြို့တော်၊ နန်းတော်မှစ၍ တည်ဆောက်စေရန် စီမံခဲ့သည်။

ဤသို့ မြို့တော်အသစ် တည်ဆောက်ရာတွင် အမရပူရမြို့ဟောင်းမှ ခမည်းတော်သာယာဝတီမင်းတရားကြီး၏ "အောင်နန်းသာစံ" ရွှေနန်းပြာသာဒ်တော်ကြီးကိုပင် ထုပ်၊ လျှောက်၊ ကွန်းတိုင်၊ လက်ခံတိုင် စသည်တို့ကို အမှတ်အသားများ မှတ်သား၍ မန္တလေးမြို့သို့ ပြောင်းရွှေ့ဆောက်လုပ်တော်မူခြင်းဖြစ်သည်။ မန္တလေး "မြနန်းစံကျော်" ရွှေနန်းတော်ကြီးရှိ အဆောင်ဆောင်၊ အခန်းခန်းသော နန်းဆောင်တို့အနက် မြေနန်းပြာသာဒ်တော်ကြီး အပါအဝင် အဆောင်တော် အံများစုမှာ အမရပူရနန်းတော်ဟောင်းမှ သစ်များသာဖြစ်ပြီး ပြောင်းရွှေ့ရာတွင် ပျက်စီးပွန်းပဲ့သည်များကို အသစ်ပြုပြင်ထားခြင်းဖြစ်သည်။ ဘုရင်ကိုယ်တော်တိုင် နေ့ညမပြတ် စံစားတော်မူသော မှန်နန်းဆောင်ကိုသာလျှင် ဘုရင်မင်းမြတ်၏ နေ့တော်၊ နံတော်နှင့်သင့်တော်သော မြေဝင်၊ ကျောရပ်များအရ အသစ်တည်ဆောက်တော်မူကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင် အရှေ့ပိုင်းမင်းခန်းတော်အဆောင်များအနက် ယခုမြင်တွေ့နေရသော နန်းမြင့်ဆောင်၊ ကန်ငယ်အုတ်တိုက်၊ သီပေါမင်းအုတ်တိုက်၊ တောင်ပန်းခုံတော်အုတ်တိုက်နှင့် အနောက်ပိုင်းမင်းခန်းတော်အဆောင်များမှ အနောက်ပွဲတက် (ဝဲ / ယာ) ဆောင်များ မရှိသေးပေ။ ထိုအဆောင်များကို သားတော်သီပေါမင်းလက်ထက်မှ ထပ်မံ ဆောက်လုပ်ခြင်းဖြစ်သည်။ ထို့အပြင် သားတော်လက်ထက်တွင် မှန်နန်းဆောင်၏မြောက်ဘက်၌ ကပ်လျက်ရှိသော ရွှေနန်းဆောင်ကိုလည်း ခမည်းတော်မင်းတရားကြီးနတ်ရွာစံရာအဆောင် ဖြစ်ခြင်းကြောင့် ဖျက်သိမ်းစေ၍ မဟာအတုလဝေယံကျောင်းတော်ကြီး၏ ကျောင်းရံအတွင်း၌ ပြောင်းရွှေ့ဆောက်လုပ်စေရန် အမှွန်းပန်း



www.burmeseclassic.com

www.burmeseclassic.com


အသစ်များ ထုလုပ်တပ်ဆင်ကာ "ရွှေနန်းတော်ကျောင်း" အဖြစ်ဖြင့် လှူဒါန်းတော်မူခဲ့သည်။

သာတော်သီပေါမင်းတရားလက်ထက် သက္ကရာဇ် ၁၂၄၇ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်) တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် စစ်သင်္ဘောများဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာ၍ ရတနာပုံမြို့တော်သို့ရောက်ရှိပြီး ရွှေနန်းတော်ကြီးကို ဝိုင်းရံသိမ်းပိုက်ကာ အရှင်နှစ်ပါးအား အိန္ဒိယပြည်၊ ရတနာဂီရိအရပ်သို့ ခေါ်ဆောင်သွားခဲ့ပေသည်။

ပါတော်မူပြီးသည့်နောက်ပိုင်းတွင် ရွှေနန်းတော်ကြီးရှိ အဖိုးတန် ရွှေ၊ ငွေ၊ ရတနာ၊ ရှေးဟောင်းမှတ်တမ်း၊ ပေ၊ ပုရပိုက်တို့မှာ နယ်ချဲ့များ၊ နယ်ချဲ့လက်ပါးစေများ၏ မတရားယူငင် ဖျက်ဆီးခြင်းတို့ခံရပြီး အချို့သော အဖိုးတန်မှတ်တမ်းများမှာလည်း အထားအသိမတတ်မှု၊ ဂရုတစိုက်မရှိမှုတို့ကြောင့် ဝမ်းနည်းဖွယ် ပျက်စီး ဆုံးရှုံးခဲ့ကြရသည်။

ရွှေနန်းတော်ကြီးမှာလည်း နယ်ချဲ့ကြေးစားစစ်တပ်၏ စစ်ရုံး၊ ကလပ်ဆောင်၊ စစ်တန်းလျားများအဖြစ် ပြောင်းလဲခဲ့၍ အချို့သောပလ္လင်တော်များ၊ အဆောင်များ၏နံရံများမှာ နယ်ချဲ့စစ်သားတို့၏ ထင်းဘဝသို့ ရောက်ရှိပျက်စီး ဆုံးရှုံးခဲ့ကြရသည်။

သက္ကရာဇ် ၁၂၆၈ ခု (ခရစ်သက္ကရာဇ် ၁၉၀၆ ခုနှစ်) လောက်တွင်မှ မြန်မာ ကျောက်စာဌာန (ယခု ရှေးဟောင်းသုတေသနဌာန) ဟူ၍ ပေါ်ပေါက်ခဲ့ပြီး ရွှေနန်းတော်ကြီးကို အဘက်ဘက်မှ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ ပန္နက်ပုံစံ၊ ဘေးမြင်ပုံ၊ ဖြတ်ပိုင်းပုံများကို စကေးကိုက် ရေးဆွဲခြင်းများပြုလုပ်ပြီး မြေတိုက်ဆောင်၊ လေသာဆောင်၊ တောင်/မြောက် ထားဝယ်ဆောင်များနှင့်တကွ နန်းရမိဖုရားကြီးများ၏ အဆောင် အနောက်ဘက်ရှိ အဆောင်ရမိဖုရားကြီးများ၏ အဆောင်များ အပါအဝင် မိဖုရားငယ်များ၏ အဆောင်များအားလုံးကို ထိန်းသိမ်းရန်ခက်ခဲသည်ကို အကြောင်းပြ၍ ဖျက်သိမ်းပစ်ခဲ့ရာ နန်းခုံပေါ်ရှိ အဆောင်ပေါင်း (၁၁၄) ဆောင်အနက်မှ အဆောင် (၄၀) သာ ကျန်ရှိခဲ့သည်။ ထိုအနက်မှ တောင်ပန်းခုံအုတ်တိုက်ကို နန်းတော်ပြတိုက်အဖြစ် ဖွင့်လှစ်၍ ပြသထားသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလဖြစ်သော သက္ကရာဇ် ၁၃၀၇ ခုနှစ် (ခရစ်နှစ် ၁၉၄၅ ခုနှစ်) တွင် အင်္ဂလိပ်နှင့် ဂျပန်တို့၏တိုက်ပွဲအကြား၌ ရွှေနန်းတော်ကြီးမှာ မဟာမိတ်စစ်တပ်၏ အမြောက်ဖြင့်ပစ်ခွင်းမှု၊ လေယာဉ်မှ မီးလောင်ဗုံး ကြဲချမှုတို့ကြောင့် နှစ်ပေါင်းများစွာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် တင့်တယ်ထည်ဝါစွာ နန်းစံခဲ့ကြသည့် အဆောင်ဆောင် အခန်းခန်းသော နန်းဆောင်အပေါင်းမှာ ပြာပုံဘဝတိုင် မီးလောင်ကျွမ်း ပျက်စီးသွားခဲ့ရပါသည်။

မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာနှင့် ဗိသုကာလက်ရာများစုဝေးရာ မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို သက်သေပြဖော်ညွှန်းရာ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ် စိတ်ဓာတ်များ ရှင်သန်ဖြစ်ပေါ်စေရန် လှုံ့ဆော်ကူညီနိုင်ခဲ့သော၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မြန်မာတို့၏ အမွေအနှစ် အစစ်အမှန်ဖြစ်သည့် "မြနန်းစံကျော်" ရွှေနန်းတော်ကြီးမှာ ဆုံးရှုံးပျက်စီး ပျောက်ကွယ်သွားခဲ့ရပါတော့သည်။

## ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်သို့ ရောက်သောအခါတွင်ကား ပျက်စီး ပျောက်ကွယ်ခဲ့ရသော အမျိုးသားအမွေအနှစ် အဆောက်အအုံကြီးဖြစ်သည့် ခေတ်အဆက်ဆက်တွင် ပြန်လည်တည်ဆောက်ရန် ကြိုးစည်အားထုတ်ကြိုးစားခဲ့သော်လည်း မအောင်မြင်နိုင်ခဲ့သော ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကြီးကို –

- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊
- နိုင်ငံတော်၏အချုပ်အချာအာဏာ ထိန်းသိမ်းကာကွယ်ရေး၊
- အမျိုးသားယဉ်ကျေးမှု အားပေးမြှင့်တင်ရေး စသည့်

အမျိုးသားရေးစိတ်ဓာတ်များ အမြဲရှင်သန်တိုးတက်စေရေး ဦးတည်ချက်ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဦးဆောင်၍ အသေးစိတ် လုပ်ငန်းအစီအစဉ်များကိုချမှတ်ကာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက နာယက၊ ဒုတိယတိုင်းမှူးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး အဖွဲ့ဝင် (၁၆) ဦးပါဝင်သော မန္တလေး "ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ" ကို ဖွဲ့စည်းပြီး တည်ဆောက်ခဲ့ပါသည်။

## အထောက်အထား သမိုင်းမှတ်တမ်းများ

မြနန်းစံကျော်ရွှေနန်းတော်ကြီး ဆောက်လုပ်ရေးလုပ်ငန်းသည် ရှေးမူမပျက် ပြန်လည်တည်ဆောက်ရသော လုပ်ငန်းရပ်ကြီးဖြစ်ပေရာ ရှေးသမိုင်းကြောင်းမှတ်တမ်းများ ရှာဖွေ၍ ရရှိပြီးသော အထောက်အထားများအတိုင်း တတ်နိုင်သမျှ တစ်သွေမတိမ်း တူညီစွာ တည်ဆောက်ရမည် ဖြစ်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရှေးယခင် ကမ္ဘည်းကျောက်စာဝန်ရုံးတွင် စုဆောင်းမှတ်တမ်းတင်ထားခဲ့သော ရွှေနန်းတော်အဆောင်များ၏ မြင်ကွင်းအမျိုးမျိုးမှ ရိုက်ကူးခဲ့သော ရှေးဟောင်းဓာတ်ပုံများကို အားကိုးအားထား ပြုရပါသည်။ ထို့အပြင် ထိုစဉ်က တိုင်းတာရေးဆွဲခဲ့သည့် အဆောင်များ၏ ပန္နက်ပုံ၊ ဘေးမြင်ပုံ၊ ရှေ့ဖြတ်ပုံ၊ ဖြတ်ပိုင်းပုံနှင့် နန်းခုံပန္နက်များကိုလည်း ပေ၊ လက်မဖြင့် အတိအကျ မှတ်တမ်းများ ရှိခဲ့ပါသည်။

ယဉ်ကျေးမှုဌာနမှ အပတွင်ရောက်ရှိနေသော နိုင်ငံတွင်း၊ နိုင်ငံပမှ သုတေသီများကလည်း ရွှေနန်းတော်ကြီးပြန်လည်တည်ဆောက်ကြောင်း ကြားသိရသောအခါ တစ်တပ်တစ်အား အကူအညီရရှိနိုင်ရန် မိမိတို့ထံ၌ရှိကြသော မှတ်တမ်းများ၊ ပုရပိုက်များ၊ ဓာတ်ပုံများ၊ မိတ္တူမူများကို စေတနာရှေ့ထား၍ ပေးပို့ကူညီမှု ပြုကြပေသည်။

ရတနာပုံခေတ် မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ ရွှေတိုက်တော်တွင် ရှေးယခင်မင်းအဆက်ဆက် တည်ဆောက်တော်မူခဲ့သော ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အသီးသီးမှ ရွှေနန်းတော်စနစ်များကို မှတ်တမ်းရေးဆွဲ သိမ်းဆည်းထားခဲ့ပေသည်။ မြန်မာနိုင်ငံတော်ကြီး နယ်ချဲ့လက်အောက်သို့ ရောက်ရှိသွားသောအခါ ထိုမှတ်တမ်းများ ပျောက်ဆုံး ပျက်စီးသွားကြသော်လည်း မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မြန်မာစာဌာနနှင့် ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်တို့တွင် မြန်မာ့ရိုးရာ တိုင်းထွာမှုစနစ်များဖြင့် မှတ်သားထားခဲ့သည့် ရွှေနန်းတော်ကြီးအဆောင်များ၏ "စနစ်" ပုံများ ပါရှိသော ပုရပိုက် (၂) ဆူ ကျန်ရှိခဲ့ပါသည်။ ထိုပုရပိုက် (၂) ဆူသည် ရွှေနန်းတော်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း၏ အဓိကကျသော မူလအထောက်အထားများပင် ဖြစ်ပါသည်။

တစ်ဆောင်ချင်း၏ အခန်းကာမှုစနစ်၊ အခန်းမာရဘင်နံရံ၏ အပြောက်အမွန်းခြယ်လှယ်မှု၊ ဝင်ပေါက်တံခါးများ၏ အရွယ်အစား၊ နေရာဒေသ၊ တပ်ဆင်သော ဝင်ပေါက် တံကဲများ၏ ပုံစံတို့ကိုကား ရွှေနန်းတော်ကြီး မီးခမပျက်စီးမီကပင် ကျောက်စာဝန်မင်း တော်စိန်နီ ဦးစီးတည်ဆောက်ခဲ့သည့် မန္တလေးနန်းမြို့တွင်း ပုံစံငယ်ပြတိုက်နှင့် ရန်ကုန်မြို့ အမျိုးသားယဉ်ကျေးမှုပြတိုက်မှ ဆရာကြီးရွှေပြည်ဦးဘတင်နှင့် ရွှေကိုင်းသားတို့၏ အကြံပေးမှုဖြင့် ပြုလုပ်ခဲ့သော ပုံစံငယ် အဆောင်များမှ လေ့လာပုံစံထုတ်ကြရသည်။

အထက်ဖော်ပြပါ အထောက်အထားများကိုမှုတည်၍ အနည်းငယ်ကွဲလွဲချက်ရှိသည်များကို ညှိနှိုင်းပြီးလျှင် နန်းခုံပေါ်တွင် ပန္နက်များတူးဖော်လိုက်သောအခါ မူလရွှေနန်းတော်ကြီး မီးခစဉ်က မြေအောက်တွင် ကြွင်းကျန်ရစ်သော အဆောင်တို့၏တိုင်လုံးများ ပေါ်ထွက်လာပါသည်။ ပေါ်ထွက်လာသော တိုင်လုံးများ၊ တိုင်လုံးရာများနှင့် အပြီးသတ် ထပ်မံညှိနှိုင်းပြီးလျှင် ပုံစံများကို အတည်ပြု၍ ဆောက်လုပ်ရေးအဖွဲ့များမှ စတင်ဆောက်လုပ်ပါသည်။

## ပြန်လည်တည်ဆောက်ရာတွင် ပြုပြင်ပြောင်းလဲမှုများ

ရွှေနန်းတော်ကြီးနန်းခုံသည် အရှေ့/အနောက် (၁၀၀၄) ပေ၊ တောင်/မြောက် (၅၇၄) ပေကျယ်ဝန်းရာ ထိုနန်းခုံပေါ်ရှိ အဆောင်များသည်လည်း ခေတ်အဆက်ဆက်၌ အနေအထားအမျိုးမျိုး ရှိခဲ့ကြပါသည်။

- သက္ကရာဇ် ၁၂၂၁ ခု (ခရစ်သက္ကရာဇ် ၁၈၅၉ ခုနှစ်) မင်းတုန်းမင်းတရားကြီး မြို့ပြောင်းစံနေတော်မူသည့်အချိန်။
- သက္ကရာဇ် ၁၂၄၀ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၇၈ ခုနှစ်) မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီး သားတော်သီပေါမင်းတရား နန်းတက်တော်မူခါစအချိန်နှင့်
- သက္ကရာဇ် ၁၂၄၇ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်) သီပေါမင်းတရား ရတနာဂီရိသို့ ပါတော်မူခါစအချိန်။

ထိုအချိန်အခါ (၃) မျိုးအနက် ရွှေနန်းတော်ကြီး အသစ် ပြန်လည်တည်ဆောက်ရာတွင် နောက်ဆုံးအချိန်၌တည်ရှိနေသော နန်းဆောင်များ၏နေရာနှင့် အရေအတွက်အတိုင်းသာလျှင် ရွေးချယ်တည်ဆောက်ခဲ့ပါသည်။ များစွာသော မှတ်တမ်း မှတ်ရာများမှာလည်း ဤခေတ်ဤအခါအတွက် ပိုမိုပြည့်စုံခဲ့ပါသည်။ ထို့ပြင် သီပေါမင်းလက်ထက်၌ အသစ်တည်ဆောက်ခဲ့ရာ နွေရာသီစံနန်းတော်နှင့် တောင်ပန်းခုံအုတ်တိုက်တို့သည် မီးလောင်ရာတွင် အုတ်နံရံနှင့် အုတ်ခုံများ ကြွင်းကျန်ရစ်ခဲ့ပါသည်။ ထိုလက်ထက်က နိုင်ငံခြားဗိသုကာ အင်ဂျင်နီယာများဖြင့် ဆန်းကြယ်စွာတည်ဆောက်ခဲ့သော နန်းမြင့်မျှော်စင်ကိုလည်း ပြန်လည်တည်ဆောက်သင့်သည်ဟု ယူဆကြသည်။ ဤအချက်များကြောင့် သက္ကရာဇ် ၁၂၄၇ ခု (ခရစ်နှစ် ၁၈၈၆ ခု) နှင့် နောက်ပိုင်းနှစ်များအတွင်း နန်းခုံပေါ်တွင် အမှန်တည်ရှိနေခဲ့သော အဆောက်အအုံများအတိုင်း အဆောင်ပေါင်း (၁၁၄) ဆောင်ကို ပြန်လည်တည်ဆောက်ရခြင်း ဖြစ်ပါသည်။

တိုင်လုံးများကို ရှေးမူအတိုင်းမဟုတ်မူ၍ ခေတ်မီ သံကူကွန်ကရိများဖြင့် အစားထိုးတည်ဆောက်ပါသည်။ ထို့ပြင် နန်းဆောင်တို့၏အမိုးများကို မင်းတုန်းမင်းတရားကြီးလက်ထက်တော်အခါက ၉" x ၁/၂" အရွယ် ကျွန်းပြားများကို ထပ်၍ မိုးပြီး သားတော်မင်းတရားလက်ထက်တွင် မိုးယိုပျက်စီးစပြု၍ သွပ်အစစ်ကြိတ်ပြား (သံဖြူပြားကို

www.burmeseclassic.com

သွပ်ရည်စိမ်မဟုတ်) များကို ပြောင်းလဲ၍ မိုးခဲ့သည်ကိုလည်းကောင်း သိရှိသော်လည်း အထက်ပါရည်ရွယ်ချက်များအရ ခရစ်နှစ် ၁၉၀၀ ပြည့်ဝန်းကျင်က ကမ္ဘည်းကျောက်စာဌာနမှ ထပ်မံပြုပြင်တည်ဆောက်ခဲ့သည့်မူအတိုင်း လိုင်းသွပ်ပြားများကိုသာ ပြောင်းလဲမိုးခဲ့ပါသည်။

မင်းတရားကြီးလက်ထက်တော်အခါက ရွှေပိန်းဆောင် (အမိုးမှအပ ကျန်အစိတ်အပိုင်းအားလုံး သစ်စေးသုတ်၊ ရွှေချ) ရွှေတစ်ဝက်၊ အနီတစ်ဝက်ဆောင်နှင့် သစ်စေးအနီသုတ်ဆောင်ဟူ၍ အဆင့်အတန်း ခွဲခြားခဲ့သည်ကို ပေါ်လွင်စေရန် ရွှေအစစ်အစား ရွှေမင်၊ ရွှေဆေး၊ ရွှေတုများကိုလည်းကောင်း၊ ဟင်္သပဒါးသစ်စေးအနီရောင်အစား ဆီဆေးအနီ၊ ဆီဆေး (နီ / ညို) တို့ကိုလည်းကောင်း၊ အတွင်းဆောင်များတွင် အလင်းရောင် လုံလောက်စွာ ရရှိနိုင်စေရန် မှတ်တမ်းများတွင်ပါရှိသည့်အတိုင်း "ကုလားဆေးဖြူ" နေရာတွင် ဆီဆေးအဖြူများကိုလည်းကောင်း၊ အုတ်တိုက်အဆောက်အအုံများနှင့် ဗြဲတိုက်ဆောင်၊ တောင် / မြောက်ထားဝယ်ဆောင်၊ ငှက်ပစ်တဲများတွင် ဆေးဖြူသုတ်သည်တို့ကို ရေဆေးအဖြူရောင်ဖြင့်လည်းကောင်း ပြောင်းလဲသုံးစွဲခဲ့ပါသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ သမိုင်းကြောင်းနှင့်တကွ ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များကို အကျဉ်းမျှ ဖော်ပြပြီးသည့်နောက် (၁၁၄) ဆောင်သော အဆောင်များကို တစ်ဆောင်ချင်း အဆောင်အမည်၊ အသုံးပြုပုံနှင့် အခြားသိထိုက်သော အချက်အလက်များကို အသေးစိတ် ဆက်လက်ဖော်ပြပါမည်။

## အရှေ့ပိုင်း မင်းခန်းတော်အဆောင်များ

မြန်မာမင်းများစိုးစံခဲ့သော နန်းဆောင်အဆက်ဆက်သည် အခြားသော နိုင်ငံများမှ နန်းတော်များကဲ့သို့မဟုတ်မူ၍ အသုံးပြုသောအခန်းများကိုလိုက်ပြီး မင်းခန်းတော်အဆောင် အသီးသီးရှိခဲ့ရာ ဘုရင်မင်းမြတ်ကြီး နေ့ / ည မပြတ်စံမြန်းသော မှန်နန်းဆောင်ကြီး၏ (ဝဲ / ယာ) အရှေ့ပိုင်းရှိ အဆောင်များသည် အရှေ့ပိုင်းမင်းခန်းတော်အဆောင်များဖြစ်၍ အဆောင်ပေါင်း (၃၂) ဆောင်ရှိသည်။ အနောက်စမုတ်၊ အနောက်ပွဲတက်၊ ဇေတဝန်ဆောင်နှင့် (ဝဲ / ယာ) ပွဲတက်ဆောင်နှစ်ဆောင်အား အနောက်ပိုင်းမင်းခန်းတော် (၄) ဆောင်ဟုခေါ်ဆိုပြီး ကျန်ရှိသော (၇၈) ဆောင်မှာ မယ်တော်ဆောင်၊ သမီးတော်ဆောင်နှင့် မိဖုရားဆောင်များ ဖြစ်ကြပါသည်။

နန်းခုံပေါ်သို့ ဘုရင်မင်းမြတ် ထွက် / ဝင်၊ တက် / ဆင်း စံမြန်းရန် မင်းသုံးလှေကားတော်ကြီးနှင့်တည့်တည့်ရှိ စမုတ်ဆောင်မှစ၍ အဆောင်နံပါတ်များတပ်ကာ အနောက်သို့ အစဉ်အတိုင်း ဆက်လက်ဖော်ပြထားပါသည်။



## အဆောင် (၁) အရှေ့စမုတ်ဆောင်

နန်းခုံကြီး၏အရှေ့ဘက် မင်းတက်လှေကားထိပ်မှအဆောင်ကြီးသည် အရှေ့စမုတ်ဆောင်ကြီး ဖြစ်သည်။ "စမုတ်" ဆောင်များ အားလုံးသည် မြင်းမိုရ်ကို ဝင်ပေါက်တည့်တည့်သို့ လှည့်ထားလေ့ရှိသည်။ ထို့ကြောင့် မင်းတို့ ဝင် / ထွက်ရာအရပ်သို့ မုခ်မျက်နှာလှည့်ထားရာအဆောင်ဟု ခေါ်ဆိုနိုင်သည်။ ယွန်းဆောင်ဖြစ်ပြီး အမိုးနှစ်ဆင့် စံပယ်ထပ်ပါရှိသည်။ ရှေ့နောက် (ဝဲ / ယာ) မှ "လင်းနို့တောင်" ထောင့်ဖြေပန်းများ တပ်ဆင်ထားသည်။ ရွှေပိန်းချအဆောင်ဖြစ်၍ ညီလာခံသဘင် ကျင်းပသည့်အခါ မင်းသားကြီး၊ မင်းသားလတ်၊ မင်းမှူး၊ မင်းသားငယ်များ၊ နားခံတော်၊ သံတော်ဆင့်နှင့် နာရီတော်မှူး၊ သွေးသောက်ကြီးတို့ခစားရသော အဆောင်ဖြစ်သည်။ တောင် မြောက် (၃၆) ပေ၊ အရှေ့ အနောက် (၄၄) ပေ၊ အမြင့် (၃၄) ပေ (၉) လက်မ ရှိသည်။

## အဆောင် (၂) မြေနန်းစနုဆောင်

အရှေ့စမုတ်ဆောင်နှင့် မြေနန်းပြာသာဒ်တော်ကြီး၏အကြားရှိ အမိုး (၂) ဆင့်နှင့် ယွန်းဆောင်သည် မြေနန်းစနုဆောင်ဖြစ်ပြီး၊ အရှေ့စမုတ်ဆောင်နှင့်တွဲလျက် တည်ဆောက်ထားသည်။ "စနု" ဆောင်ဆိုသည်မှာ ရှေးယခင်က လက်ယာရစ်ခရုသင်းထားသော အဆောင်ဖြစ်သည်။ အသုံးအားဖြင့် စနုဆောင်များသည် ဆောင်မကြီးနှစ်ဆောင်အကြား မိုး၊ လေကာကွယ်ရန် အကာအရံမဲ့ အမိုးသက်သက်သာ ဆောက်လုပ်ထားသော "အဆောင်ကူးဆောင်" များပင် ဖြစ်သည်။ စနုဆောင်ပေါင်း (၇) ဆောင်ရှိရာ စနုဆောင်၏နောက်မှ အဆောင်မကြီး၏အမည်နှင့်တွဲ၍ စနုဆောင်များကို အမည်ပေးလေ့ ရှိသည်။

မြေနန်းစနုဆောင်တွင် ညီလာခံသဘင်ကျင်းပသည့်အခါ လက်ဝဲစစ်သူကြီး၊ လက်ယာစစ်သူကြီး (၂) ဦးနှင့် စော်ဘွားကြီးများ ခစားရသော အဆောင်ဖြစ်သည်။ ရွှေပိန်းချအဆောင်ဖြစ်ပြီး တောင် မြောက် (၃၆) ပေ၊ အရှေ့ အနောက် (၁၀) ပေ၊ အမြင့် (၂၅) ပေ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com




## အဆောင် (၃) လက်ဝဲမြေနန်းပွဲတက်ဆောင်

အရှေ့စမုတ်ဆောင်ကြီး၏ မြောက်ဘက်ကပ်လျက် ရေတံလျှောက်ခံပြီး အမိုးချင်းထိစပ်လျက်ရှိသောအဆောင်မှာ လက်ဝဲမြေနန်းဆောင် (သို့) လက်ဝဲ ပွဲတက်ဆောင်ဟုလည်းခေါ်ကြသည်။ အမိုး (၂) ထပ်၊ လည်ပေါ်၊ ရွှေပိန်းချအဆောင် ဖြစ်သည်။ အကာအရံမရှိပေ။ လက်ဝဲ ပွဲတက်ဆောင်တွင်လည်း ညီလာခံသဘင်ကျင်းပသည့်အခါ စော်ဘွားကြီးနောက်နေအမှုထမ်း၊ တော်ချွန်၊ ယိုးဒယားမင်းသား၊ သူဌေးသူကြွယ်နှင့် ဒူးနေရာတော်နေရာ စသော နေရာတော်ငါးသွယ်အမှုထမ်းများ၊ တပ်ပေါင်းမြို့စား၊ မွန်၊ ယိုးဒယားနှင့်ရှမ်းမြို့စားအမတ်များ ခစားကြရသော အဆောင်ကြီးဖြစ်ပါသည်။ တောင် မြောက် (၈၂) ပေ၊ အရှေ့ အနောက် (၃၄) ပေ၊ အမြင့် (၃၂) ပေ ရှိပါသည်။

## အဆောင် (၄) လက်ယာ မြေနန်း ပွဲတက်ဆောင်

အရှေ့စမုတ်ဆောင်ကြီး၏ တောင်ဘက်ကပ်လျက် အခြားအဆောင်ကြီးမှာ လက်ယာမြေနန်းဆောင်ဖြစ်ပြီး လက်ဝဲမြေနန်းဆောင်ကြီးနှင့် ပုံသဏ္ဌာန်၊ အတိုင်းအထွာ၊ အကျယ်အဝန်း အတူတူ ဆောက်လုပ်ထားသည်။ လက်ယာမြေနန်းဆောင်တွင် လက်ဝဲ ပွဲတက်ဆောင်ကဲ့သို့ပင် သက်ဆိုင်ရာလက်ယာပွဲတက်အမှုထမ်းများ ခစားကြရသည်။ လက်ဝဲပွဲတက်အမှုထမ်းများသည် သက်ဆိုင်ရာနေရာတော်ချင်း တူကြသော်လည်း လက်ယာ ပွဲတက်အမှုထမ်းများထက် ရာထူးမြင့်ကြသည်။ တောင် မြောက် (၈၂) ပေ၊ အရှေ့ အနောက် (၃၄) ပေ၊ အမြင့် (၃၂) ပေ ရှိပါသည်။

## အဆောင် (၅) မြေနန်းပြာသာဒ်တော်ကြီး



မြေနန်းပြာသာဒ်တော်ကြီးနှင့် အရှေ့ပွဲတက် (ဝဲ / ယာ) ဆောင်


မြေနန်းစနုဆောင်၏ အနောက်ဘက်ကပ်လျက် အမိုးဘုံ (၇) ဆင့်ရှိသော ပြာသာဒ်တော်ကြီးသည်ကား မြေနန်းပြာသာဒ်တော်ကြီးပင်ဖြစ်ပါသည်။ နန်းဆောင်များအားလုံးအနက် အမြင့်ဆုံး၊ အကြီးမားဆုံး၊ အခမ်းနားအထယ်ဝါဆုံး အဆောက်အအုံကြီးလည်းဖြစ်ပေသည်။ မြေနန်းပြာသာဒ်တော်ဟု ခေါ်ဆိုရခြင်းမှာ ထိုပြာသာဒ်တော်ကြီး၏ အောက်ခံအုတ်ခုံကြီးအတွင်း ပလ္လင်တော်တည်ရာအောက်၌ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံရှိ ရှေးမင်းကောင်းမင်းမြတ်တို့စိုးစံရာ ဗာရာဏသီ၊ ဝေသာလီ၊ သာဝတ္ထိ စသော နန်းတော်ရာနေရာမှ "အောင်မြေ" များကို သယ်ယူဖြည့်ဖို့ထားသော မင်္ဂလာနေရာ ဖြစ်သည်။

ပြာသာဒ်တော်ကြီး၏အလယ်တွင် ယမနေသားဖြင့်ထုလုပ်၍ ခြင်္သေ့ရုပ်များ ခံထားသော သီဟာသနပလ္လင်တော်ကြီး တည်ရှိသည်။ ဤပလ္လင်တော်ကြီးသည် နန်းခုံတော်ကြီးပေါ်ရှိ ပလ္လင်တော် (၈) ခန်းအနက်မှ အရွယ်အစား အကြီးမားဆုံး၊ အမြင့်ဆုံး၊ အခန့်ညားဆုံး "မဟာပလ္လင်" အမျိုးအစား ဖြစ်ပေသည်။ သီဟာသနပလ္လင်တော်ကြီးကိုဖြတ်၍ တောင် မြောက် မာရဘင်ခန်းဆီးတော်ကြီးကို ကာဆီးထားသည်။ မာရဘင်မြောက်ပိုင်းသည် အလုံပိတ်အခန်းဖြစ်၍ ရှေ့ပိုင်းကိုကား အပြင်ခန်းမှ မှန်စီရွှေချ ရင်လားတော်များ ကာရံ

www.burmeseclassic.com



ထားပြီး အတွင်းထပ် ပလ္လင်တော်တည်ရှိရာ ကြမ်းပြင်အမြင့်ပိုင်းကို ပွတ်လုံး လက်ရမ်းများဖြင့် ကာရံထားသည်။ ပလ္လင်တော်သို့တက်တော်မူရန် အတွင်းခန်း၌ ရွှေချလှေကားတော်ကြီး တည်ရှိပေသည်။



သီဟာသနပလ္လင်ကို အရှေ့စမုတ်ဆောင်အတွင်းမှမြင်ရပုံ

ပွဲတက်ညီလာခံသဘင် ကျင်းပစဉ်၌ သီဟာသနပလ္လင်တော်၏ ဝဲဘက်၌ ဘုရင်မင်းမြတ်နှင့် ယာဘက်၌ မိဖုရားခေါင်ကြီးတို့ အကန်တော့ခံ စံမြန်းကြ ပြီး ပလ္လင်တော်၏ရှေ့ လက်ဝဲဘက်တွင် ပွတ်လုံးများနှင့်တကွသော ရွှေ "ချိုင့်"တော်ဖြင့် အိမ်ရှေ့မင်းက ခစားရပေသည်။

ပလ္လင်တော်ကြီး၏ လက်ဝဲ၊ လက်ယာ နေရာတော်များတွင် အခမ်းအနားရှိသော အခါများ၌ လက်ဝဲ၊ လက်ယာ မင်းခန်းတော်များ၊ သူရဲကြီး အောင်လံ (၇) စင်း၊ ထီးဖြူတော် (၈) စင်းနှင့် ယပ်မား၊ ယပ်ရိုးရှည်များကို မင်းခမ်းမင်းနား အဆောင်အယောင်များဖြင့် ထားရသည်။

ပြာသာဒ်တော်ကြီးအတွင်း နောက်ခန်း၊ ကြမ်းမြင့်၏ အနောက်မြောက်ထောင့်၌ ပုဂံခေတ် သေလည်ကြောင်းမင်းကြီးလက်ထက်မှစ၍ နန်းတွင်း၌ အစဉ်အမြဲ ပူဇော်ပသထားရာဖြစ်သော ပုပ္ပါး မင်းမဟာဂိရိနတ်မင်း၏ "အိမ်တွင်းနတ်ကွန်းတော်" တည်ရှိသည်။



နတ်ကွန်းမှာ တစ်ပင်တိုင်ခန်း၊ အမိုးသုံးဆင့်၊ ထီး၊ ထုပိကာတပ် ပြာသာဒ်ပုံဖြစ်ပြီး ရွှေချအုန်းပွဲ၊ ငှက်ပျောပွဲ၊ ဖျင်ဖြူ၊ ဖျင်နီ၊ နှီးခေါက်၊ အချိုပွဲ၊ ရွှေချဖယောင်းတိုင် စသည်များဖြင့် မပြတ် ပူဇော်ပသထားရသည်။

ဝဲယာခြင်မိတ်စွန်းအောက်၌ ဖွင့်ပိတ်နိုင်သော ကဲလားတော်ကြီး တစ်ဘက်သုံးခုစီရှိပြီး အခမ်းအနားများရှိလျှင် ကဲလားတော်ကြီးများကိုဖွင့်၍ ထိုအောက်တို့၌ ဝဲဘက်တွင် မြန်မာအငြိမ့်၊ ယာဘက်တွင် မွန်အငြိမ့်အဖွဲ့များက တီးမှုတ် ဖျော်ဖြေကြရသည်။ မြေနန်းပြာသာဒ်တော်ကြီး၏ ခြင်မိတ်စွန်းသည် အဆောက်အအုံနှင့် လိုက်လျောညီထွေရှိစေရန် အပြင်သို့အတန်ငယ်ရှည်လျားစွာ အစွန်းထွက်ထားသောကြောင့် ခြင်မိတ်စွန်းများ အောက်သို့ အိကျမလာစေရန် "ကတ်" ဟုခေါ်သော ရွှေပိန်းချ သစ်သားနှစ်ချောင်းတွဲ ထောက်တိုင်ကြီးများဖြင့် ထောင့်စွန်းတိုင်း၌ တိုင်အောက်ခြေမှ ခြင်မိတ်စွန်းသို့ ခပ်မျှော်မျှော် ပင့်ထောက်ထားရသည်။ (ကတ်) ဟူသည် (ကနက္ကဒဏ္ဍ) ရွှေအစစ်ဖြင့်ပြီးသော "ရွှေချထောက်တံ" ဟု အဓိပ္ပာယ်ရသည်။



မြေနန်းပြာသာဒ်ဆောင်ကြီး

ပလ္လင်တော်ကြီး၏ ရှေ့ဘက်တွင် သိကြားမင်း (၃၃) ပါး၊ နတ်မင်းကြီး (၄) ပါး၊ ဆင်ပျံ၊ ခြင်္သေ့ပျံ ပါဝင်ထုလုပ်ထားသော ဥကင်တော်၊ နောက်ဘက်တွင် ပန်းခက်ပန်းနွယ်များ သာပါရှိသော ဥကင်တော် (၂) ခုပါ ဆင်နှားဓာဝင်ပေါက်တံခါး (၂) ချပ် ရှိသည်။ ရွှေပိန်းချထားသော ဘုရင်မင်းမြတ် စံစားရာ အဆောင်တော်ကြီး ဖြစ်ပြီး ဤအဆောင်၏ အရှေ့ပိုင်း၌ ဘုရင်မင်းမြတ်၊ တောင်ညာစံ မိဖုရားခေါင်ကြီးနှင့် အိမ်ရှေ့မင်းတို့ အကန်တော့ခံအခမ်းအနား ကျင်းပ စံမြန်းရာ ဖြစ်သည်။ နောက်အခန်း ကြမ်းမြင့်အထက်၌ ကျန်မိဖုရားကြီးများ၊ ကြမ်းနိမ့်ထက်၌ ကိုယ်လုပ်တော် မောင်းမမိဿံများက ခစားကြရသည်။

www.burmeseclassic.com




အရှေ့ အနောက် (၆၁) ပေ (၃) လက်မ၊ တောင် မြောက် (၆၁) ပေ (၃) လက်မ၊ အမြင့် (၂၀၇) ပေ ရှိပါသည်။

## ကန်တော့ခံမင်းခမ်းပွဲတော်

အထက်၌ဖော်ပြခဲ့သော ဘုံ (၇) ဆင့် မြေနန်းပြာသာဒ်တော်ကြီး အပါအဝင် မြေနန်းစနုဆောင်၊ အရှေ့စမုတ်ဆောင်၊ ဝဲယာပွဲတက်ဆောင် အဆောင်ကြီး (၅) ဆောင်တို့မှာ ကြီးကျယ်သော မင်းခမ်းမင်းနားကျင်းပရာ အဆောင်စုဖြစ်ပြီး အရှေ့ပိုင်းမှ အင်္ဂလိပ်စာလုံး (T) ပုံသဏ္ဌာန် နန်းခုံတော်ကြီးပေါ်တွင် တည်ရှိကြသည်။

နှစ်ဦးတွင်တစ်ကြိမ်၊ ဝါဝင် (ဝါဆိုလ) တွင်တစ်ကြိမ်၊ ဝါကျွတ် (သီတင်းကျွတ်လ) တွင်တစ်ကြိမ် သုံးရက်ဆက်တိုက် စုစုပေါင်းတစ်နှစ်လျှင်သုံးကြိမ်၊ ရက်အားဖြင့် (၅) ရက်တွင် မြေနန်းပြာသာဒ်တော်ကြီး၌ အကန်တော့ခံ၊ လက်ဆောင်တော်ဆက် မင်းပွဲကျင်းပလေ့ရှိသည်။ ဤအခမ်းအနားသို့ မင်းမိဖုရား (၂) ပါးစုံ ထွက်စံတော်မူသောအခါ အိမ်ရှေ့မင်းမှစ၍ စော်ဘွား၊ မြို့စား၊ မှူးတော်မတ်တော်၊ ဗိုလ်မှူး စစ်ကဲတို့သည် မိမိတို့ရာထူးအလျောက် အသနားတော်မြတ်ခံထားရသော ဖောင်း၊ နားတောင်း၊ စလွယ် စသည်တို့ခန့်ညားစွာ ဝတ်ဆင်၍ ဒူး၊ တော်၊ စနည်း၊ အတွင်းဘဝေါ၊ အပြင်ဘဝေါ ဟူသော နေရာတော်တို့တွင် ထိုက်တန်သည့်နေရာမှ အသီးသီး ကန်တော့ ခစားကြရသည်။

## အဆောင် (၆) ဇေတဝန် စနုဆောင်




ဇေတဝန်စနုဆောင်၊ ဇေတဝန်ဆောင်

ဤအဆောင်သည်လည်း မြေနန်းစနုဆောင်ကဲ့သို့ပင် မြေနန်းပြာသာဒ်တော်ကြီးနှင့် ဇေတဝန်စနုဆောင်ကြီးတို့ကို ဆက်သွယ်ပေးထားသော "အဆောင်ကူး" ဆောင်ပင်ဖြစ်သည်။ အသုံးအထူးအထွေမရှိပေ။ ရွှေပိန်းချအမိုးနှစ်ဆင့် ယွန်းဆောင်ဖြစ်ပြီး ခေါင်ရိုးအရှေ့အနောက် "နေလျှောက်" ဆောက်လုပ်ထားသည်။ တောင်မြောက် (၃၃) ပေ (၆) လက်မ၊ အရှေ့အနောက် (၉) ပေ (၆) လက်မ၊ အမြင့် (၃၂) ပေ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အဆောင် (၇) ဇေတဝန်ဆောင်



ဇေတဝန်ဆောင်အတွင်းရှိ
ဟံသာသနပလ္လင်ပုံ

မြေနန်းပြာသာဒ်တော်ကြီးနှင့် နောက်စနစ်ခြားလျက် အမိုးသုံးထပ်၊ လည်ပေါ်ဆောင်၊ ရွှေပိန်းချအဆောက်အအုံကြီးမှာ မဇ္ဈိမဒေသ သာဝတ္ထိပြည်မှ မြတ်စွာဘုရားသခင်၏ ဇေတဝန်ကျောင်းတော်ပုံသဏ္ဌာန် ဆောက်လုပ်ထားသော အရှေ့ဇေတဝန်ဆောင်ကြီးဖြစ်သည်။ ဤဇေတဝန်ဆောင်တွင် အရေးကြီးသောကိစ္စများ စည်းဝေးတိုင်ပင်၍ ရန်အပေါင်းကို အောင်စေခဲ့သောကြောင့် ဇေတဝန်ဆောင်ဟု ခေါ်သည်ဟုလည်း အမှတ်အသား ရှိခဲ့ပေသည်။ အဆောင်ကြီး၏ အရှေ့ပိုင်းတစ်ဝက်ကို ပွတ်လက်ရုံးများဖြင့်သာ ကာရံ၍ နောက်ပိုင်းကို အလုံပိတ်ထားသည်။ နောက်ခန်း၏ ဘေးနှစ်ဘက်တွင် အခန်းငယ် (၂) ခုထပ်၍ ခွဲထားသေးသည်။

ဇေတဝန်ဆောင်၏ အရှေ့ပိုင်း၌ ဟင်္သာရုပ်များခံ၍ သက်န်းသားဖြင့်ထုလုပ်ထားသော ပလ္လင်တော်များတွင် အနိမ့်ဆုံး စုဋ္ဌပလ္လင်တော်အမျိုးအစား၊ ရှစ်မြှောင့်ပုံ ဟံသာသနပလ္လင်တော်ရှိသည်။ (ဤပလ္လင်တော်ကြီးသည် မန္တလေးသို့ နန်းပြောင်းရွှေ့ခါစ မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်ဦးက နောက်ပိုင်းအခန်းထဲတွင် အနောက်သို့လှည့်ထားပြီး နောက်ပိုင်း နိုင်ငံခြားသံတမန်များကို ဘုရင်မင်းမြတ် လက်ခံတွေ့ဆုံတော်မူသောအခါများမှ ပလ္လင်တော်ကို မာရဘင်ရှေ့သို့ ထုတ်၍ အရှေ့ဘက်သို့ ဦးလှည့်ကာ ထားခဲ့ခြင်းဖြစ်သည်။)

သံတမန်ရေးရာကိစ္စများအပြင် သာသနာရေးဆိုင်ရာကိစ္စကြီးငယ်များ ဆရာတော်ကြီးများထံ လျှောက်ထားရာတွင်လည်း ဤအဆောင်ကိုပင် အသုံးပြုခဲ့သည်။ ဘုရားရှင်၏ ကျောင်းတော်အမှတ်ဖြင့် ဆောက်လုပ်ခဲ့သောကြောင့် မင်းအဆက်ဆက်ကိုးကွယ်ခဲ့ကြသော နန်းစဉ်ဘုရားများကို ဤအဆောင်တော်၌ပင် ထားရှိ ကိုးကွယ်ခဲ့သည်။





ဇေတဝန်ဆောင်
ဝင်ပေါက်တံခါးနှင့် တံကဲ

ဇေတဝန်ဆောင်၏ နော ... ရွှေအတိဖြင့် သွန်းလုပ်လျက် ထားရှိသော အလောင်းမင်းတရားကြီးမှ မင်းတုန်းမင်းတရားကြီးတိုင်အောင် ရှေးဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးများပုံတူ ရွှေကိုယ်လေးရုပ်များကို ထားရှိကာ လဆန်းတစ်ရက်နေ့တိုင်း ဘုရင်ကိုယ်တော်တိုင် ပါဠိဂါထာများ ရွတ်ဖတ်၍ ပူဇော်လေ့ရှိသည်။ ရှေးယခင်က ရွှေကိုယ်လေးရုပ်တုတော်များကို သံကွန်ရက်ကာရံလျက် ကြာယပ်မျက်နှာဖြင့် အရှေ့သို့မျက်နှာမူ၍ ဤအဆောင်တော်တွင် အမြဲထားရှိသော်လည်း နောက်ပိုင်းတွင် လုံခြုံရေးအရ ရွှေရုပ်တုတော်များကို ပူဇော်ချိန်မှအပ ရွှေတိုက်တော်တွင်သာ သိမ်းဆည်းထားခဲ့သည်။ ရုပ်တုတော်တို့သည် ရွှေစင် လေးဆယ်ကျပ်သားခန့်ကို သွန်းလုပ်၍ အမြင့် (၈) လက်မခန့်ရှိပြီး အောက်ခံရာဇပလ္လင်၌ မင်းတို့၏ဘွဲ့အမည်များ အသီးသီးပါရှိသည်။

ဘေးနှစ်ဘက်ရှိ အခန်း (၂) ခန်းအတွင်း၌ ဘာသာရေးဆိုင်ရာ ပေ၊ ပုရပိုက်များထားရှိပြီး ဘုရင်မင်းမြတ် နားနားနေနေ စာဖတ်တော်မူလေ့ရှိသည်။ ဇေတဝန်ဆောင်သည် ရွှေပိန်းချအဆောင် ဖြစ်ခဲ့သော်လည်း နောက်ပိုင်း မှတ်တမ်းတင်ဓာတ်ပုံများအရ အရှေ့ပိုင်းတိုင်လုံးကြီးများကို အဖြူရောင်သုတ်ထားကြောင်း တွေ့ရှိရပါသည်။ ခေါင်ရိုးကို အရှေ့အနောက် နေလျှောက် ဆောက်လုပ်ထားပြီး ခေါင်ရိုးထိပ်၌ "ငှက်တော်စောင့်" တဲ ပါရှိသည်။ တောင် မြောက် (၅၃) ပေ (၂) လက်မ၊ အရှေ့ အနောက် (၇၃) ပေ (၂) လက်မ၊ အမြင့် (၅၃) ပေ (၃) လက်မ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အဆောင် (၈) ဖြတိုက်စနုဆောင်

ဇေတဝန်ဆောင်ကြီး၏ မြောက်ဘက် နန်းကြမ်းပြင်ပေါ်တွင် အမိုးဘုံနှစ်ဆင့်၊ အထက်အောက် စပယ်ထပ်အပါအဝင် အမိုးလေးဆင့် "နေကျော်" တောင် မြောက်ခေါင်ရိုးထား ဆောက်လုပ်ထားသော ယွန်းဆောင်ငယ်မှာ ဇေတဝန်ဆောင်နှင့် ဖြတိုက်တော်ကူး စနုဆောင်ဖြစ်သည်။ အကာအရံ လက်ရုံးမပါရှိ။ ရွှေတစ်ဝက်၊ အနီတစ်ဝက်မွမ်းသော အဆောင်ဖြစ်သည်။ အသုံးပြုပုံအထူးမရှိ။ ဖြတိုက်သို့ကူးရာတွင် "အဆောင်ကူး" အဖြစ်သာ အသုံးပြုသည်။ တောင် မြောက် (၂၀) ပေ (၆) လက်မ၊ အရှေ့ အနောက် (၁၁) ပေ (၆) လက်မ၊ အမြင့် (၃၂) ပေ (၆) လက်မရှိသည်။


## အဆောင် (၉) ဖြတိုက်ဆောင်

ဇေတဝန်ဆောင်၏ဝဲဘက် (မြောက်ဘက်) စနုခြားလျက် နန်းကြမ်းပြင်ဘေးတွင် အမိုးသုံးဆင့်လည်ပေါ်ဖြင့် "ဆောင်ထီး" ဆောက်လုပ်၍ ဆေးဖြူသုတ်ထားသော ပုံသဏ္ဍာန်ထူးခြားသည့် တောင်မြောက်အလျားဆောင်ကြီးမှာ ဖြတိုက်တော်ကြီးဖြစ်သည်။ ဖြတိုက်၏အလယ်တွင် အရှေ့အနောက် မာရအင်ဆီးထား၍ မာရအင်ခန်း၏ တောင်ဘက်ပိုင်းသည် နန်းကြမ်းပြင်နှင့်တစ်ပြေးတည်း ကြမ်းမြင့်ဖြစ်ပြီး အနောက်ပိုင်း (မြောက်ဘက်) မှာ မြေပြင်နှင့်တစ်ညီတည်း ကြမ်းနိမ့်ဖြစ်သည်။

အမရပူရနန်းတော်စသော ရှေးနန်းတော်များတွင်ကား ကြမ်းနိမ့်ပိုင်းမှာ (၅) ပေခန့်မြင့်ပြီး ကြမ်းမြင့်မှာ ယခုကဲ့သို့ နန်းကြမ်းပြင်နှင့်အညီ (၇) ပေခန့်မြင့်သည်။ သို့သော် ၁၉၀၀ ပြည့်နှစ်ပိုင်းတွင် ရေးဆွဲထားသော မှတ်တမ်းပုံများအရ ကြမ်းနိမ့်သည် မြေပြင်နှင့် တစ်ပြေးတည်း ဖြစ်နေသည်ကိုတွေ့ရှိရသည်။ ထို့ပြင် အမိုးသုံးထပ်မှာလည်း အမရပူရတွင်ရှိစဉ်က ဇေတဝန်ဆောင်ကြီးကဲ့သို့ပင် ခြင်္သေ့ရုပ်ကြောင်စွန်းထွက်၍ ထောင့်ပန်း၊ မုခ်ပန်း၊ သစ်သားပန်းပု၊ ဖေါင်းပန်း၊ ပန်းဆွဲများ တပ်ဆင်ထားရှိခဲ့သော်လည်း မန္တလေးမြို့သို့ ပြောင်းရွှေ့ခဲ့ရာတွင် အခြင်္သေ့ရုပ်များကိုဖြတ်တောက်၍ ခေတ်မီသောပုံစံဖြစ်အောင် ပြောင်းလဲတည်ဆောက်ခဲ့သည်။ ဖြတိုက်ဟုခေါ်ဆိုပြီး ဆေးဖြူသုတ်ထားရာ အုတ်အင်္ဂတေဖြင့် တည်ဆောက်ထားသော အုတ်တိုက်ဟုထင်ရသော်လည်း တစ်ဆောင်လုံးကို ကျွန်းသားဖြင့်သာ တည်ဆောက်ခဲ့သည်။ ထိပ်ဆုံးဘုံအမိုးမှာ ခေါင်ရိုးမပါရှိဘဲ "အမိုးပြား" ဖြစ်သည်။ ဤအဆောင်သည် အင်္ဂလိပ်စစ်တပ်များ ဝင်ရောက်သိမ်းပိုက်ပြီးနောက်



ပြင်ဆင်ရန်ခက်ခဲ၍ စောစီးစွာဖျက်သိမ်း [illegible]
မှတ်ရာနည်းပြီး ပုံစံငယ်ကိုသာ အမိ [illegible] ပြုပြင်၍ [illegible]



ဖြတိုက်ဆောင်

ဖြတိုက်ဆောင်နှင့် တောင်မြောက်ထားဝယ်ဆောင်များ၏ ပုံစံသစ်ကို "ဆောင်ထီး" ဟု မှတ်တမ်းများ၌ပါရှိရာ အမွှန်းအပြောက်၊ ခြင်္သေ့ရုပ်ကြောင်စွန်းများမပါ အထီးကျန်ဖြစ်နေသော အဆောင်ဟု အဓိပ္ပာယ်ရသည်။ ဖြတိုက်တော်အတွင်း တောင်ဘက်ကြမ်းမြင့်ပိုင်းတွင် ဆင်ရုပ်များခံ၍ စကားသားဖြင့် ရှစ်မြှောင့်ထုလုပ်ထားသော စုဠပလ္လင်အမျိုးအစား ဂဇာသနပလ္လင်တော်ကို တောင်သို့မျက်နှာပြု၍ ထားရှိသည်။ ဟံသာဝတီဆင်ဖြူများရှင်လက်ထက်၌ မွန်လူမျိုး လူပျိုတော်သားများ ထားရှိရာအဆောင်ဖြစ်၍ မွန်ဘာသာဖြင့် "ပတိုက်ဗွာယ်" မြန်မာအခေါ် "လူပျိုတော်ဆောင်" ဖြစ်သည်။ နောက်ပိုင်းတွင် လူပျိုတော်မဟုတ်ဘဲ အတွင်းဝန်များနေထိုင်ရာ အဆောင်ဖြစ်သွားသော်လည်း အစဉ်အလာမပျက် "ဖြတိုက်" ဟုပင် ဆက်၍ခေါ်ဆိုကြသည်။ ဖြတိုက်တော်တွင် မာရအင်မှအပ အကာအရံမရှိ၊ အထက်အောက်ကြမ်းပြင်တို့တွင် ပွတ်လုံးလက်ရမ်းများသာ ကာရံထားသည်။

ဖြတိုက်အတွင်းဝန်တို့တွင် အများစုမှာ ဘုရင်မင်းမြတ်၏ အိမ်တော်ပါကျွန်ယုံတော်များဖြစ်ကြရာ လွှတ်တက်၊ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်မင်းကြီးများပင် ဘုရင်မင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ဆုံဖူးမြော်လိုသော် ဖြတိုက်အတွင်းဝန်၊ ဖြတိုက်သံတော်ဆင့်များမှတဆင့် အခွင့်ပန်ကြားပြီး အမိန့်တော်ရရှိမှသာ တွေ့ခွင့်ရှိသည်။ ရှေ့တော်သို့ သွားရောက်ဖူးတွေ့လိုသူမှန်သမျှသည် ဖြတိုက်တော်မှတဆင့် အခွင့်တောင်းကြရပြီး ဖြတိုက်မှ နန်းကြမ်းပြင်ပေါ်သို့တက်ရောက်ကြရာတွင် ဘိနပ်မစီးရ၊ ဓား၊ လှံ လက်နက် မကိုင်ဆောင်ရ၊ ခါးတောင်းကျိုက်ဖြုတ်၍ တက်ရောက်ကြရသည်။

ဖြတိုက်အတွင်းဝန်၊ ဖြတိုက်သံတော်ဆင့်အမှုထမ်းများမှာ ဘုရင်၏ကိုယ်ရေးအရာရှိများဖြစ်ကြပြီး လွှတ်တော်မှ ထီးရနန်းရစော်ဘွား၊ အဝေးမြို့ဝန်များ၏ လျှောက်စာတင်စာများကို ဘုရင်ထံသို့လည်းကောင်း၊ ဘုရင်ကချမှတ်သော အမိန့်တော်များကို လွှတ်တော်သို့လည်းကောင်း ပြန်ကြားတင်လျှောက်ပေးရသော တာဝန်ရှိကြသည်။ ရှေးက ရာထူးအတက်အကျရှိသည်များကို ဖြတိုက်တော်တွင် အမိန့်တော်ပြန်လေ့ရှိသည်။ ဖြတိုက်တော်မှာ လွှတ်ရုံး (၅) ရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သည်။ ဘုရင်မင်းမြတ် ရုံဖန်ရုံခါသာ ထွက်စံလေ့ရှိပြီး အတွင်းဝန်များ နေထိုင်ရာအဆောင်ဖြစ်၍ ဆေးဖြူသုတ်ထားရှိသည်။ တောင် မြောက် (၆၈) ပေ (၈) လက်မ၊ အရှေ့ အနောက် (၅၉) ပေ၊ (၈) လက်မရှိ၍ ဝဲယာ၌ နန်းကြမ်းပြင်ပါရှိသည်။

## အဆောင် (၁၀) လေသာကူးစနုဆောင်

ဇေတဝန်ဆောင်ကြီး၏တောင်ဘက် နန်းကြမ်းပြင်ပေါ်တွင် အမိုးနှစ်ဆင့်စပယ်ထပ်ဖြင့် တောင်မြောက်နေကျော် ဆောက်လုပ်ထားသော အကာအရံမဲ့ယွန်းဆောင်မှာ လေသာကူးစနုဆောင်ဖြစ်သည်။ ရွှေတစ်ဝက် အနီတစ်ဝက်အဆောင်ဖြစ်ပြီး လေသာဆောင်သို့ကူးရာတွင် "အဆောင်ကူး" အဖြစ်သာ အသုံးပြုသည်။ တောင် မြောက်အလျား (၂၆) ပေ၊ အရှေ့ အနောက်အနံ (၁၁) ပေ၊ အမြင့် (၃၂) ပေ (၆) လက်မရှိပါသည်။





လေသာစနုဆောင်နှင့် လေသာဆောင်

## အဆောင် (၁၁) လေသာဆောင်

ဇေတဝန်ဆောင်ကြီး၏ယာဘက် (တောင်ဘက်) စနုခြားလျက်၊ နန်းကြမ်းပြင်၏ ဘေးတွင် အမိုးနှစ်ဆင့်လည်ပေါ်ဖြင့် ခေါင်ရိုးအရှေ့အနောက် "နေလျှောက်" ဆောက်လုပ်ထားသောအဆောင်မှာ လေသာဆောင်ဖြစ်သည်။ လေသာဆောင်ဟုခေါ်တွင်ရခြင်းမှာ ဤအဆောင်တွင် အခြားအဆောင်များကဲ့သို့ အခန်းဆီး၊ အခန်းကာ၊ လက်ရုံးများ လုံးဝမပါရှိသဖြင့် လေပြေလေညှင်းကောင်းစွာရရှိသောကြောင့် ဘုရင်မင်းမြတ် ပူအိုက်သော ရာသီများတွင် လေညှင်းလေသာတော်ခံ စံရာအဆောင်ဖြစ်သည်။ ရှေးက အဆောင်၏ အလယ်တွင် မာရာဘင်ခြား၍ထားခဲ့ကြောင်း အထောက်အထားတွေ့ရှိဘူးသည်။ မာရာဘင်၏ အရှေ့ပိုင်းတွင် ခရသင်းခံ၍ တောင်ပိန္နဲသားဖြင့်ထုလုပ်ထားသော ရှစ်မြှောင့်စူဠပလ္လင် အမျိုးအစား သင်္ခါသနပလ္လင်တော်ရှိသည်။ (သင်္ခါသနပလ္လင်တော်သည် အမရပူရမြို့တည် နန်းတည် ဘိုးတော်ပဒုံမင်းတရား လက်ထက်တော်မတိုင်မီက ဗောင်းတော်ဆောင်တွင် ထားရှိခဲ့ပြီး နောက်ပိုင်းတွင်မှ လေသာဆောင်သို့ပြောင်းရွှေ့ခဲ့သော ပလ္လင်တော်ဖြစ်သည်။)

လေသာဆောင်တွင် ဘုရင်မင်းမြတ်အား သောက်တော်ရေ၊ စားတော်ကွမ်းများ ဆက်သရသော "ကွမ်းရေတော်ကိုင်" အမှုထမ်းများ ခစားထမ်းရွက်နေထိုင်ရာအဆောင်

www.burmeseclassic.com

www.burmeseclassic.com

င်     ဤအဆောင်ကိုပင် "ကွမ်းရေတော်ဆောင်" ဟုလည်း ခေါ်ဝေါ်ကြသည်။ ကွမ်းရေတော်သားအမှုထမ်းများမှာ ဆွေတော်မျိုးတော်ဖြစ်သော မင်းသားကြီး၊ စော်ဘွားကြီး၊ ဝန်ကြီးတို့၏ သားတော်၊ ညီတော်များ၊ ယုံကြည်ရသူများသာ ခန့်ထားသောရာထူးဖြစ်သည်။ ဘုရင်မင်းမြတ် ထွက်တော်မူသောအခါ ကွမ်းရေတော်အမှုထမ်းများသည် ကွမ်းအစ်တော်၊ ကွမ်းလောင်းတော်၊ ကွမ်းခွက်၊ သောက်ရေတော်၊ တကောင်း စသောသာမည "မင်းခမ်းတော်" များကိုကိုင်ဆောင်၍ နောက်တော်မှလိုက်ကြရသည်။ အခြားသူများနှင့် ရောနှော ထွက်ဝင်မနေရ၊ သီးခြားထမ်းရွက်ခစားကြရသည်။

စစ်ချီ စစ်တက် ထွက်တော်မူခါနီး၌ဖြစ်စေ၊ ဘုန်းတန်ခိုးကြီးစေလိုခြင်း၊ အန္တရာယ်ပျောက်စေလိုခြင်း ရည်ရွယ်ချက်များဖြင့်ဖြစ်စေ ဖောင်းတော်၊ မကိုဋ်တော်၊ သရဖူတော်များကို ဤအဆောင်တွင်ထားရှိကာ ဆရာတော်ကြီးများအားပင့်ဖိတ်ပြီး ပရိတ်တော်နှာ၊ ပရိတ်တော်ပန်း၊ ပရိတ်ချည်များ ဆက်လေ့ရှိသောကြောင့်လည်း ဤအဆောင်ကိုပင် "ပရိတ်နာဆက်ဆောင်" ဟုလည်း ခေါ်ဆိုကြသေးသည်။ ဤအဆောင်သို့တက်ရန် သီးသန့်လှေကားများရှိသည်။ ရွှေတစ်ဝက် အနီတစ်ဝက်အဆောင်ဖြစ်ပြီး တောင်မြောက် (၂၇) ပေ၊ အရှေ့ အနောက် (၄၈) ပေ၊ အမြင့် (၄၀) ပေရှိပါသည်။



## အဆောင် (၁၂) ညီလာခံစနုဆောင် (ဖောင်းတော်စနုဆောင်)



ဖောင်းတော်စနုဆောင်

ဇေတဝန်ဆောင်ကြီး၏ အနောက်ဘက်ကပ်လျက် ဖောင်းတော်ဆောင်ရှေ့တွင်ရှိသော အဆောင်မှာ "ဖောင်းတော်စနုဆောင်" ခေါ်ဆိုရမည့်အဆောင်ပင်ဖြစ်သော်လည်း အခြားသော စနုဆောင်များကဲ့သို့မဟုတ်ဘဲ နှစ်ထပ်လည်ပေါ် ခေါင်ရိုးတွင် စပယ်ထပ်ထည့်လျက် တင့်တယ်စွာဆောက်လုပ်၍ ရွှေပိန်းချထားပြီး ဘေးနှစ်ဘက်၌ အစိမ်းရောင် ဖန်ပွတ်လုံးများကာရံထားရှိသည့် ထူးခြားသော အဆောင်ဖြစ်သည်။ မင်းတရားကြီးသည် မှူးတော်၊ မတ်တော် ဗိုလ်မှူး၊ ဗိုလ်ချုပ်များဖြင့် တစ်နေ့လျှင် ညီလာခံသဘင် (၃) ကြိမ်ကျင်းပလေ့ရှိရာ အရေးကြီးသည့် နံနက်ညီလာခံကို ဤအဆောင်တွင် ကျင်းပလေ့ရှိသည်။ ညီလာခံသဘင်၌ မှူးတော် မတ်တော်တို့သည် ဤစနုဆောင်အတွင်းမှ အနောက်ဘက်သို့ ဦးလှည့်ခစားကြရသည်။ ဘုရင်မင်းမြတ်မှာမူကား ညီလာခံစနုဆောင်၏ အနောက်ဘက်တွင်ကပ်လျက်ရှိသော ဖောင်းတော်ဆောင်၏ အရှေ့ပိုင်းအလယ်ခန်းတွင် "ကတ္တီပါမှိအုံးတော်ကြီး" ဖြင့် အရှေ့သို့လှည့်၍ ထိုင်တော်မူသည်။ သီပေါမင်းတရားလက်ထက်တော်တွင်ကား ညီလာခံကျင်းပစဉ်တွင် ရွှေသဥ္ဇာလီတော်ကြီး (နောက်မှီအမြင့်နှင့် ကနုတ်ပန်းခက်များပါရှိသော ကုလားထိုင်) တွင်ထိုင်၍ ညီလာခံတော်မူလေ့ရှိသည်။

ခေါင်ရိုးတောင်မြောက်အလျား "နေကျော်" ဆောက်လုပ်ထားသော ရွှေပိန်းချအဆောင်ဖြစ်ပြီး တောင် မြောက် (၅၂) ပေ၊ အရှေ့ အနောက် (၂၁) ပေ (၉) လက်မ၊ အမြင့် (၃၂) ပေ (၉) လက်မရှိပါသည်။

www.burmeseclassic.com



## အဆောင် (၁၃) ဗောင်းတော်ဆောင်


ညီလာခံစနုဆောင်၏အနောက်ဘက်ရှိ အမိုးသုံးထပ် လည်ပေါ် တောင် မြောက် ခေါင်ရိုးအလျားရှိ "နေကျော်" ဆောက်လုပ်ထားသော ရွှေပိန်းချအဆောင်ကြီးမှာ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ ဆင်ယင်တော်မူကာ ရွှေသားဗောင်းတော်၊ စိန်၊ မြ၊ ပယင်း စသည့်အထူးထူးသော နဝရတ်၊ ကျောက်မျက်များ တွယ်ကပ်ထားရာ ဗောင်းတော်၊ မကိုဋ်တော်၊ သရဖူတော်များထားရာ ဗောင်းတော်ဆောင်ကြီးဖြစ်ပေသည်။

ဗောင်းတော်ဆောင်၏ခေါင်ရိုးအတိုင်း အလည်မှ တောင် မြောက် အခန်းကန့်ထားပြီး ရှေ့ပိုင်းကို အစိမ်းရောင်ဖန်ပွတ်လုံးများတပ်ဆင်ထားသော လက်ရမ်းများကာရံထားသည်။ ခေါင်ရိုးထိပ်တွင် ဆေးဖြူသုတ် "ငှက်တော်စောင့်" တပါ ပါရှိသည်။ ဗောင်းတော်ဆောင် မာရဘင်ဆီး၏အရှေ့ပိုင်းရှိ အလယ်မင်းပေါက်နှင့်တူရှုသည် ညီလာခံကျင်းပစဉ် ဘုရင်စံတော်မူသည့်နေရာဖြစ်သည်။ ရှေးအခါက ဤဗောင်းတော်ဆောင်တွင် ခရသင်းခံ၊ သခင်္ခါသနပလ္လင်တော် ထားရှိခဲ့ဖူးသော်လည်း နောက်ပိုင်းတွင် လေသာဆောင်သို့ ပြောင်းရွှေ့သွား၍ ပလ္လင်တော်မထားရှိတော့ပေ။ ယခင်က ဗောင်းတော်ဆောင်၏ ဘေးဝဲယာနှစ်ဘက်ရှေ့ပိုင်း၌ အဆောင်ငယ်နှစ်ခုရှိသည်။


ဗောင်းတော်ဆောင်သည် ဘုရင်မင်းမြတ်၏ ဗောင်းတော်များထားရှိရာ အဆောင်ဖြစ်သည့်အတိုင်း သက်ဆိုင်ရာမင်းပွဲ၊ စိုးပွဲ၊ ညီလာခံများရှိလျှင် သင့်တော်သော ဗောင်းတော်၊ ဘုရင်တော်များဝတ်ဆင်ရာ "အဝတ်လဲဆောင်" ဟုလည်း ခေါ်ဆိုနိုင်ပေသည်။ ထို့ပြင် မှန်နန်းတော်သို့ ဖူးမျှော်တွေ့ဆုံရန်လာသော ဆရာတော်များ၊ စော်ဘွားများ၊ မြို့စား၊ ဝန်ကြီး၊ မှူးကြီးများတို့အခါမသင့်၍ ရှေ့တော်သို့မဝင်ကြရသေးလျှင် ဗောင်းတော်ဆောင်မှာပင် ခေတ္တဆိုင်းငံ့နေကြရသော အဆောင်လည်းဖြစ်ပေသည်။ ဗောင်းတော်ဆောင်သည် ဇေတဝန်ဆောင်နည်းတူ ကြမ်းပြင်ပေါ်တွင်တည်ရှိပြီး ဗောင်းတော်ဆောင်၏ နောက်ပိုင်းတလျှောက်ရှိ အခြားအဆောင်များမှာမူကား မှန်နန်းဆောင်၊ မိဖုရားဆောင်များပါဝင်သော အနောက်ပိုင်းနန်းခံတော်ကြီးပေါ်တွင် တည်ရှိကြပါသည်။ တောင် မြောက် (၅၂) ပေ (၈) လက်မ၊ အရှေ့ အနောက် (၅၀) ပေ (၈) လက်မ၊ အမြင့် (၅၃) ပေ ရှိပါသည်။



## အဆောင် (၁၄) မြောက်ထားဝယ်ဆောင်



မြောက်ထားဝယ်ဆောင်



တောင်ထားဝယ်ဆောင်

ဗောင်းတော်ဆောင်၏မြောက်ဘက် အရှေ့ယွန်းယွန်းတွင် ဗြဲတိုက်ပုံသဏ္ဌာန်ကဲ့သို့ အမိုးနှစ်ထပ်၊ လည်ပေါ်၊ အမွှန်းပန်းများမပါရှိဘဲ "ဆောင်ထီး" တောင် မြောက်အလျားအတိုင်း ဆောက်လုပ်ထားသောအဆောင်ဖြူမဟာ "မြောက်ထားဝယ်ဆောင်" ပင်ဖြစ်၍ ဗြဲတိုက်နှင့်တဆက်တည်းရှိနေသော နန်းကြမ်းပြင်ပေါ်တွင်တည်ရှိသည်။ ထားဝယ်ဆောင်ဟုခေါ်ဆိုရခြင်းမှာ ဟံသာဝတီဆင်ဖြူများရှင် (ဘုရင့်နောင်) လက်ထက်တော်အခါက ထားဝယ်မြို့သားသေနတ်ကိုင်အစုက အမှုထမ်းများကို နေရာချထားရာအဆောင်ဖြစ်သည်။ နေရာဒေသကိုအစွဲပြုပြီး ထားဝယ်ဆောင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ တစ်နည်းမှာလည်း နွေးထွေးသည်ကို "ဒဝယ်" ဆိုသည့်အတွက် ရေနွေးတော်တည်ရာအဆောင်ဟုလည်း အမှတ်အသားရှိခဲ့ဖူးပါသည်။

နောက်နောင်သောမင်းများလက်ထက်တွင် ထားဝယ်မြို့ဇာတိမဟုတ်သူတို့ဆက်လက်၍ သေနတ်အစုတွင် အမှုထမ်းကြသော်လည်း ထားဝယ်ဆောင်ဟုပင် ဆက်လက်ခေါ်ဆိုကြပေသည်။

ဘုရင်မင်းမြတ်၏ လုံခြုံရေးအတွက် သေနတ်ကိုင်၍ နေ့ညမပြတ် လှည့်လည်စောင့်ရှောက်ရသော အနီးကပ်လုံခြုံရေးတပ်ဖွဲ့ ထမ်းရွက်ခစားကြရသည့် အဆောင်ဖြစ်သည်။ အဆောင်ကို ကျွန်းသားဖြင့်ပင်ဆောက်လုပ်ပြီး အတွင်းအပြင် ဆေးဖြူသုတ်ထားသည်။ စောစီးစွာဖျက်သိမ်းပစ်သော အဆောင်များထဲတွင် တောင်ထားဝယ်ဆောင်၊ မြောက်ထားဝယ်ဆောင်များလည်းပါဝင်၍ အထောက်အထားနည်းပါးပြီး ပုံစံငယ်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com




မှိုင်ခြမ်းပြု တည်ဆောက်ခဲ့ရသည်။ မြောက်ထားဝယ်ဆောင်၏ မြောက်ပိုင်းသည် အလုံပိတ် အခန်းဖြစ်၍ ရှေ့ပိုင်းကိုလက်ရုံးများဖြင့်ကာရံထားသည်။ အမရပူရမြို့နန်းမှ ထားဝယ်ဆောင်မှာကား လေသာဆောင်ကဲ့သို့ နှစ်ထပ်လည်ပေါ်ဆောင်ဖြစ်၍ ရွှေတစ်ဝက် အနီတစ်ဝက်အဆောင်ဖြစ်ကြောင်း ရှေးဟောင်းပုရပိုက်ပုံများတွင်တွေ့ရသည်။ ရတနာပုံမြို့တော်သို့ ပြောင်းရွှေ့သောအခါ ထားဝယ်ဆောင်များမှာ ပုံစံပြောင်း၍ ခေတ်မီပုံစံအဖြစ် ဆောက်လုပ်ထားသည်။ တောင် မြောက် (၄၉) ပေ (၄) လက်မ၊ အရှေ့ အနောက် (၂၅) ပေ (၆) လက်မ၊ အမြင့် (၃၄) ပေ ရှိပါသည်။


## အဆောင် (၁၅) တောင်ထားဝယ်ဆောင်

ဇောင်းတော်ဆောင်၏ တောင်ဘက် အရှေ့ယွန်းယွန်းရှိ မြောက်ထားဝယ်ဆောင်နှင့် ပုံစံတူ နန်းကြမ်းပြင်အနောက်ဆုံးရှိအဆောင်မှာ “တောင်ထားဝယ်ဆောင်” ပင်ဖြစ်သည်။ တောင်ထားဝယ်ဆောင်မှာလည်း မြောက်ထားဝယ်ဆောင်နည်းတူပင် သေနတ်ကိုင် တောင်ထားဝယ်အမှုထမ်းများ နေထိုင်၊ ခစားထမ်းရွက်ရသော အဆောင်ဖြစ်သည်။ အခန်းပိတ်မှာ တောင်ဘက်၌ရှိ၍ မြောက်ပိုင်းကို ပွတ်လုံးလက်ရမ်းများ ကာရံထားသည်။ အလျား (၄၀) ပေ (၆) လက်မ၊ အနံ (၂၅) ပေ (၆) လက်မ၊ အမြင့် (၃၄) ပေ ရှိပါသည်။

## အဆောင် (၁၆) လက်ဖက်ရည်တော်ဆောင် (လက်သုံးတော်ဆောင်)



လက်ဖက်ရည်ဆောင်ပုံစံငယ်



လက်ဖက်ရည်ဆောင်
(တည်ဆောက်ဆဲ)

မြောက်ထားဝယ်ဆောင်၏ အနောက်ဘက်ကပ်လျက် နန်းခုံတော်ကြီးထိပ်၌ ဆောက်လုပ်ထားသော စမြင်ခံ၊ နှစ်ထပ်လည်ပေါ်ဆောင်မှာ “လက်ဖက်ရည်တော်ဆောင်” ဖြစ်သည်။ တောင် မြောက်ခေါင်ရိုးထား၍ဆောက်လုပ်ထားပြီး အနီခံရွှေရေးဆောင် ဖြစ်သည်။ မှန်နန်းတော်ရှိရာအနောက်ဘက်သို့ မျက်နှာမူထားပြီး နောက်ကျောဖြစ်သော အရှေ့ဘက်နံရံကိုဝင်ပေါက်မရှိ အလုံပိတ်ထားသည်။ တောင်မြောက်နှင့် အနောက်ဘက်တွင် ပွတ်လက်ရမ်းများတပ်ဆင်ထားပြီး အတွင်းသို့တစ်ခန်းဆုတ်ကာ ကြမ်းမြင့်ပိုင်းကို အခန်းကာရံထားသည်။

လက်ဖက်ရည်တော်ဆောင်တွင် မင်းတရားကြီးအား လက်ဖက်ရည်တော်နှင့် အချိုပွဲ၊ အချဉ်ပွဲများ ဆက်သကြရသော လက်ဖက်ရည်တော်သားများအား ခစားထမ်းရွက်စေသည်။ လက်ဖက်ရည်တော်သားများသည် ကွမ်းရည်တော်သားများအောက် အရာတစ်ဆင့်နိမ့်သော ဝန်ထောက်၊ မြို့ဝန်၊ အဝေးဝန်တို့၏ညီ သားများဖြစ်ကြသည်။

ထိုအဆောင်တွင်ပင် ရှေးသူရဲကောင်းမင်းအဆက်ဆက်တို့၏ လက်သုံးတော် ဓား၊ လှံ၊ လက်နက်များကို ကမ္ဗည်းအက္ခရာထိုး၍ သိမ်းဆည်းထားသည်။ လက်ဖက်ရည်တော်သားများထဲမှ မင်းတရားကြီးသဒ္ဓါယုံကြည်သောသူတို့ကိုပင် ရွေးကောက်ကာ လက်သုံးတော်ကိုင်အမှုထမ်းဟု ခေါ်ဝေါ်စေ၍ ထိုအဆောင်မှာပင် ခစားထမ်းရွက်ကြရသည်။ ဘုရင်ထွက်တော်မူသောအခါများဝယ် လက်သုံးတော်ကိုင်တို့သည် ထိုအဆောင်တွင် သိမ်းဆည်းထားရှိသော အရိန္ဒမာလှံတော်၊ နန်းသူဆံခွေတော်၊ ယိမ်းနွဲ့ပါးဓားတော်စသည့် ဓား၊ လှံ လက်နက်သေနတ်များကို အဆောင်အယောင်အဖြစ်ကိုင်ဆောင်ကာ နောက်တော်မှလိုက်ကြရသည်။ ထို့ကြောင့် လက်ဖက်ရည်တော်ဆောင်ကို လက်သုံးတော်ဆောင်ဟုလည်း ခေါ်ဆိုသည်။ တောင် မြောက် (၆၆) ပေ (၄) လက်မ၊ အရှေ့ အနောက် (၂၅) ပေ (၆) လက်မ၊ အမြင့် (၃၃) ပေ ရှိပါသည်။


## အဆောင် (၁၇) ရွှေတိုက်ဆောင်


လက်ဖက်ရည်တော်ဆောင်နှင့် တောင် မြောက်တစ်တန်းတည်း တောင်ထားဝယ်ဆောင်၏ အနောက်ဖက်ရှိ စမြင်ခံ၊ အမိုးနှစ်ထပ် လည်ပေါ်အနီခံ၊ ရွှေရေးဆောက်လုပ်ထားသော အဆောင်မှာ ရွှေတိုက်ဆောင်ကြီးဖြစ်သည်။ ရွှေတိုက်ဆောင်ဟုခေါ်ဆိုသော်လည်း အုတ်တိုက် မဟုတ်၊ ကျွန်းသားများဖြင့်ပင် ဆောက်လုပ်ထားပြီး လုံခြုံရေးအရ အရှေ့ဖက်နံရံ တလျှောက်ကိုသာ အင်္ဂတေဖြင့်တည်ဆောက်ထားခြင်းဖြစ်သည်။ အနောက်သို့မျက်နှာ လှည့်ထားပြီး၊ ရှေ့နှင့်ဘေးနှစ်ဖက်တွင် ပွတ်လုံးတပ်လက်ရမ်းများ သုံးဘက်ကာရံထား

www.burmeseclassic.com

www.burmeseclassic.com

သည်။ အတွင်းသို့ တစ်ခန်းဆုတ်ထားသောကြမ်းမြင့်တို့အား အခန်းကာထားသည့်နံရံနှင့် လက်ရမ်းကြား ကြမ်းပြင်နိမ့်ပိုင်းကို အောက်ရွှေတိုက်ဟုခေါ်၍ ကြမ်းမြင့်ပိုင်းကို အထက်ရွှေတိုက်ဟုခေါ်သည်။


ရွှေတိုက်ဆောင်ပုံစံငယ်


ရွှေတိုက်ဆောင် (တည်ဆောက်ဆဲ)

မင်းဘဏ္ဍာတော်များကို သိုမှီးသိမ်းဆည်းထားရာအဆောင်ဖြစ်၍ ရွှေတိုက်တော်တွင် လက်ဝဲလက်ယာ ရွှေသားမင်းခမ်းတော်များ၊ ရွှေကိုယ်လေးရုပ်တုများအပြင် စိန်၊ မြ၊ ဂေါ်၊ မုတ်၊ ဥဿဖရား၊ ပတ္တမြားစသောမင်းဘဏ္ဍာတော်များကို လုံခြုံစွာ ရွှေတိုက်ဝန်၊ ရွှေတိုက်စိုးတို့က စောင့်ရှောက်ထိန်းသိမ်းထားကြရသည်။ ရွှေ၊ ငွေဘဏ္ဍာတော်များအပြင်၊ လယ်၊ မြေ၊ စာရင်းအင်းနှင့် ရှေးနန်းမှုနန်းရာမှတ်တမ်း၊ ပေ၊ ပုရပိုက်များကိုလည်း သိမ်းဆည်းထားရသောအဆောင်ဖြစ်သည်။ တောင် မြောက်အလျား (၇၆) ပေ၊ အရှေ့ အနောက် (၄၂) ပေ၊ အမြင့် (၃၄) ပေ ရှိပါသည်။



## အဆောင် (၁၈) အစည်းအဝေးအုတ်တိုက်

လေသာဆောင်၏တောင်ဘက် နန်းခုံတော်ဦးတွင် တောင် မြောက်အလျားအတိုင်း ဆောက်လုပ်ထားသော ဆေးဖြူသုတ်အုတ်အဆောက်အအုံမှာ “အစည်းအဝေးအုတ်တိုက်” ဖြစ်သည်။ အရှေ့ပိုင်း၌လက်ရမ်းကာ စကြံန်တစ်ခန်းကို ပတ်လည်ထုတ်ထားသည်။ ပုံသဏ္ဌာန်မှာ အင်္ဂလိပ်အက္ခရာ (E) ပုံသဏ္ဌာန်ရှိခဲ့သော်လည်း နန်းတော်ကြီးမီးခစဉ် နန်းမြင့်မျှော်စင်ပြိုကျမှုကြောင့် တောင်ဘက်ဆုံးအခန်း ပျက်စီးသွားခဲ့ရသည်။ မီးခပြီးသည့်နောက် နံရံလေးဘက်သာ ကျန်ရှိခဲ့ပါသည်။

ဤအဆောက်အဦး၏မျက်နှာစာဖြစ်သော အနောက်ဘက် နန်းခုံကွက်လပ်တွင် ပန်းခုံတော်ရှိသည်။ ပန်းခုံတော်ဟူသည် ဘုရင်မင်းမြတ် စိတ်ကြည်နူးသာယာစေရန် နန်းခုံပေါ်တွင် ရနံ့မွှေးပျံ့သင်းကြိုင်သော စပယ်၊ မြတ်လေးနှင့် နှင်းဆီစသော ပန်းများကို အုတ်ဘောင်များဖြင့်ကာရံ၍ စိုက်ပျိုးထားရှိသည်။ တောင်ပန်းခုံ၊ မြောက်ပန်းခုံဟူ၍ မှန်နန်းဆောင်ကြီး၏ လက်ဝဲလက်ယာ၌ရှိကြသည်။ ပန်းခုံတော်သို့ ဘုရင်မင်းမြတ် လှည့်လည်ရှုစားတော်မူသောအခါ ရပ်တန့်နားနေရန် သားတော်သီပေါမင်းတရားလက်ထက်တော်က တည်ဆောက်ခဲ့သောအုတ်တိုက်ဖြစ်သည်။ တောင်ပန်းခုံတော်အနီး၌ တည်ရှိ၍ တောင်ပန်းခုံအုတ်တိုက်ဟုခေါ်သည်။


မှူးတော်မတ်တော်တို့သည် ညီလာခံဝင်ပြီးနောက် အမိန့်တော်အထူးမှတ်တော်မူသောအရာများကို ထပ်မံညှိနှိုင်းဆွေးနွေးတိုင်ပင်ကြရာ အဆောက်အဦးဖြစ်၍လည်း အစည်းအဝေးအုတ်တိုက်ဟု ခေါ်ဆိုကြသေးသည်။ ဤအဆောက်အအုံ၏ကြမ်းပြင်များကို ပြန်လည်ပြုပြင်၍ နန်းတွင်းပြတိုက်ငယ်အဖြစ် ပြသခဲ့ဘူးသည်။ တောင် မြောက် (၉၅) ပေ၊ အရှေ့ အနောက် (၄၅) ပေ၊ အမြင့် (၂၆) ပေ ရှိပါသည်။

## အဆောင် (၁၉) နန်းမြင့်မျှော်စင်

မင်းတုန်းမင်းတရားကြီးလက်ထက်တော် ရွှေနန်းတော်ကြီး တည်ဦးကာလက တောင်ပန်းခုံ၊ မြောက်ပန်းခုံတို့နှင့်အတူ တောင်နန်းမြင့်၊ မြောက်နန်းမြင့်ဟူ၍ နန်းမြင့်ဆောင်နှစ်ဆောင် အုတ်မြစ်ချခဲ့ဘူးကြောင်း မှတ်တမ်းရှိခဲ့သည်။ အင်းဝမှမျှော်စင်ကဲ့သို့ လေးထောင့်ပုံသဏ္ဌာန် အုတ်ဖြင့်တည်ဆောက်၍ ထိပ်တွင် သစ်သားပြာသာဒ်တင်သောအဆောင်မျိုး ဖြစ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းမြင့်မျှော်စင်နှင့် သီပေါမင်းအစည်းအဝေးအုတ်တိုက်


သက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် သီပေါမင်းတရားက တောင်ပန်းခုံတော်အုတ်တိုက်၏ တောင်ဘက်၌ အုတ်ခုံအဝိုင်းခံ၊ ခရုပတ်လှေကားလိမ်နှင့် ထိပ်ကြမ်းပြင်ထက်တွင် ဘုံ (၇) ဆင့် လေးတိုင်စင်ပြာသာဒ်ပါရှိသောနန်းမြင့်ကို ဆောက်လုပ်ခဲ့သည်။ နိုင်ငံခြား ဗိသုကာများအကူအညီဖြင့်ပုံစံထုတ်၍ မြန်မာ့ဟန်မပျက်သော ခေတ်မီပုံစံဖြစ်သည်။

သီတင်းကျွတ်လအခါသမယများတွင် လေးပြင်လေးရပ်ရှိ တန်ခိုးကြီးစေတီတော်များသို့ သွားရာလမ်းတလျှောက်တွင် နန်းတော်မှ ဆီမီးစောင်းတန်းများ ထွန်းညှိပူဇော်နိုင်စေရန် ဘုရင်မင်းမြတ်၏အလှူတော်အဖြစ် ရွှေတိုက်မှ ဆီဖိုးကုန်ကျငွေများ ထုတ်ပေးလေ့ရှိသည်။ ထိုကုသိုလ်တော် မီးစောင်းတန်းများကို ညအချိန် တက်ရောက်ကြည့်ညှိုနိုင်စေရန် ဤနန်းမြင့်ကိုဆောက်လုပ်စေခဲ့သည်။ ထို့ပြင် နန်းတွင်းနန်းပြင်၌ မီးရေး၊ ထင်းရေးရှိသည်တို့ကို စောင့်ကြည့်ရာမျှော်စင်အဖြစ်လည်း အသုံးပြုခဲ့သည်။ အောက်ခြေအချင်း (၃၄) ပေ၊ အမြင့် (၁၁၂) ပေ ရှိပါသည်။



## အဆောင် (၂၀) ကန်ငယ်အုတ်တိုက်

နန်းမြင့်ဆောင်မှအဆင်း အနောက်ဘက်တွင် ခေတ်ဆန်စွာ အုတ်အင်္ဂတေပန်းလက်ရာများပါရှိသော နှစ်ဆောင်တွဲအဖြူရောင်အုတ်တိုက်ငယ်မှာ ကန်ငယ်အုတ်တိုက်ပင်ဖြစ်သည်။ ရှေ့တွင်အမိုးမပါသော တိုင်နှင့်ထုတ်တန်းများသာ ပါရှိသည်။ အဆောင်၏အလယ်၌ လူတစ်ရပ်ခန့်နက်သော ကန်ငယ်တစ်ခုနှင့် ရေပန်းရှိသည်။ နောက်ဆောင်ဝင်ပေါက်ထိပ်တွင် စက်ဝိုင်းခြမ်းများအတွင်း၌ မှန်ရောင်စုံများတပ်ဆင်ထားသည်။ ထို့နောက်အဆောင်၏ထိပ်ပိုင်းအမိုးပေါ်တွင် ရေထည့်ရန် ရေကန်ငယ်တစ်ခုပါရှိပြီး အဆောင်၏မြောက်ဘက်စွန်းမှ သစ်သားလှေကားဖြင့် ထိုကန်ငယ်အဆင့်သို့တက်၍ ရေဖြည့်နိုင်သည်။ ထိုကန်ငယ်မှ "သဘာဝရေဖိအား" ဖြင့် ရေပန်းတို့ ဖြစ်ပေါ်စေသည်။ အတွင်းနံရံများတွင်လည်း စုတ်ချက်အရောင်ရေးဟန်များဖြင့် ရေးဆွဲထားသော စပျစ်သီး၊ စပျစ်ရွက်၊ စပျစ်နွယ်များပုံ ပန်းချီများရှိခဲ့သည်။



ကန်ငယ်အုတ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သကြိန်ပွဲတော်အခါ၌ မောင်းမမိဿံ၊ ခြွေရံတော်များ ရေပက်ကစားသည်ကို မင်း၊ မိဖုရား ပျော်ပါးစွာကြည့်ရှုသည့်အဆောင်ဖြစ်ပြီး သားတော်မင်းတရား လက်ထက်တော်အခါက ဆောက်လုပ်ခဲ့သည်။ အမိုးမရှိသောရှေ့ဆောင်ဘေးတွင် သံပန်းဝရံတာများ ကာရံထားသည်။ အရှေ့ အနောက်အလျား (၆၂) ပေ၊ တောင် မြောက်အနံ (၄၇) ပေ၊ အမြင့် (၂၇) ပေ (၆) လက်မ ရှိပါသည်။

## အဆောင် (၂၁) ရွှေနန်းတော်ကလေး

ရွှေတိုက်ဆောင်၏ အနောက်ဘက်ရှိအဆောင်ကို "ရွှေနန်းတော်ကလေး" "ဗိုလ်ညီလာခံ – စံနန်းတော်" စသည်ဖြင့် ခေါ်ဆိုကြသည်။ သေနတ်ဗိုလ်၊ မြင်းဝန် စသည်တို့နှင့် ရှမ်းပြည်နယ်ခြားတပ်များ၊ ဗွေးချောင်း၊ မင်းလှခံမြို့မှစ၍ ကျောက်တိုင်စိုက် နယ်ခြားအရပ်မှ တပ်တော်များကို ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် တပ်သစ်လဲလှယ် ချိတက်ရန်ကိစ္စများ ဆွေးနွေးတိုင်ပင်တော်မူသည့် အဆောင်ဖြစ်သည်။ ဤသို့ စည်းဝေးတိုင်ပင်သည်ကို ဗိုလ်ညီလာခံ (သို့မဟုတ်) ဗိုလ်ရှုခံ၊ သဘင်ခံသည်ဟု ခေါ်ဆိုသည်။



## အဆောင် (၂၂) တောင်စမုတ်ဆောင်



တောင်စမုတ်ဆောင်

တောင်ဘက် မင်းတက်လှေကားကြီးထိပ်ရှိ အမိုးစံပယ်ထပ်အပါအဝင် လေးဆင့်၊ တောင် မြောက်ခေါင်ရိုးထား၍ တောင်ဘက်အဝင်ကို စမုတ်ဦးလှည့် ဆောက်လုပ်ထားသော ရွှေပိန်းချယွန်းဆောင်ကြီးမှာ တောင်စမုတ်ဆောင်ကြီး ဖြစ်သည်။ အရှေ့စမုတ်ဆောင်ကြီးကဲ့သို့ပင် လင်းနို့တောင်၊ ပန်းဘောင်ပါ ပွတ်လက်ရုံးစသော အမွှန်းပန်းများ များပြားစွာတပ်ဆင်ထား၍ အထူးခန့်ငြား ထည်ဝါလှပေသည်။ တောင်စမုတ်ဆောင်သည် မှန်နန်းတော်ကြီး၏ အလယ်တိုင်နှင့်တည့်တည့် တောင် မြောက်တန်းလျက် ရှိသည်။ အထက်ခေါင်ရိုးအလယ်တွင် အရှေ့ အနောက် မာရဘင်ဆီးထားပြီး သမင်ရုပ်ခံ ရေသဖန်းသားဖြင့် ထုလုပ်ထားသည့် "မိဂါသနပလ္လင်တော်" ထားရှိသည်။ ဤပလ္လင်တွင် ရှေးကမင်းတို့ နိုင်ငံရေးရာ ဆွေးနွေးတိုင်ပင်လေ့ရှိသည်။ ထို့ပြင် မင်းကေရာဇ်တို့၏ ရှင်ပြု၊ ပဥ္စင်းခံ၊ ကထိန် စသော အလှူတော်များ ပြုလုပ်လှူဒါန်းရာအဆောင်ဖြစ်သည်။ တောင် မြောက်အလျား (၃၄) ပေ၊ အရှေ့ အနောက်အနံ (၂၇) ပေ၊ အမြင့် (၃၆) ပေ ရှိပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အဆောင် (၂၃) တောင်ရေစက်သွန်း ပြာသာဒ်ဆောင်




တောင်ရေစက်သွန်းပြာသာဒ်ဆောင်


တောင်စမုတ်ဆောင်၏ အရှေ့တောင်ဘက် နန်းခုံကြီး၏ အပြင်၌ အစွန်းထွက်၍ ပွတ်လက်ရမ်းများကာရံထားသည့် ဘုံ (၇) ဆင့် ရွှေပိန်းချ ပြာသာဒ်ငယ်မှာ (လက်ယာ) ရေစက်သွန်းပြာသာဒ်ဆောင်ပင် ဖြစ်သည်။ တောင်စမုတ်ဆောင်တွင် ထားရှိလျှဒါန်းမည့် ပဒေသာပင်စသော လှူဖွယ်ပစ္စည်းများကို ဘုရင်မင်းမြတ် ကြည့်ရှုကြည်ညိုတော်မူပြီးနောက် ရေစက်သွန်းပြာသာဒ်မော်ကွန်းတိုင် (၄) လုံးကြားရှိ ကြမ်းမြင့်ထက်တွင် ရွှေကရားဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူမြဲ ဖြစ်သည်။ အရှေ့ အနောက်အလျား (၃၁) ပေ၊ တောင် မြောက်အနံ (၂၇) ပေ၊ အမြင့် (၂၉) ပေ ရှိပါသည်။

## အဆောင် (၂၄) အုတ်တိုက်နန်းတော်

တောင်စမုတ်ဆောင်၏ အနောက်ဘက်မှ အစည်းအဝေးအုတ်တိုက်ကဲ့သို့ အုတ်အင်္ဂတေပန်းများဖြင့် တည်ဆောက်ပြီး အဖြူရောင်အုတ်အဆောက်အဦးမှာ သားတော်သီပေါမင်းတရားလက်ထက်မှ ဆောက်လုပ်သည့် အုတ်တိုက်နန်းတော်ဆောင်ပင် ဖြစ်သည်။ တောင် မြောက်အလျားထား၍ အရှေ့သို့ မျက်နှာလှည့်ထားသည်။

ဤနေရာတွင် မင်းတုန်းမင်းတရားကြီးလက်ထက်တော်အခါက မင်းတရားကြီးသည် နေ့ပိုင်း၌ ရှေးကထားရှိခဲ့သော အမိန့်တော်များကို ဖတ်ရှုလေ့လာရာ တောင်နန်းတော်ဆောင်ရှိခဲ့သည်။ သီပေါမင်းတရားလက်ထက်မှ ထိုအဆောင်ကိုဖျက်၍ အသစ်ပြန်တည်ဆောက်ပြီး နွေရာသီအခါနေ့ပိုင်း၌ စံမြန်းတော်မူသော နွေရာသီစံနန်းတော်ဆောင်လည်း ဖြစ်သည်။ နန်းတော်ကြီးမီးခစဉ်က အမိုးနှင့်အခင်းများ အုတ်ရိုးအလယ်မှ ကျွန်းတိုင်ကြီးများ မီးလောင်သွားခဲ့ပြီး နံရံလေးဘက်သာ ကျန်ရှိခဲ့သည်။ အရှေ့ အနောက်အနံ (၃၅) ပေ၊ တောင် မြောက်အလျား (၆၄) ပေ၊ အမြင့် (၂၄) ပေ ရှိပါသည်။





အုတ်တိုက်နန်းတော် (သီပေါမင်းအပန်းဖြေဆောင်) ပုံစံငယ်နှင့် တည်ဆောက်ဆဲပုံ

www.burmeseclassic.com

www.burmeseclassic.com

## အဆောင် (၂၅) မြောက်စမုတ်ဆောင်

မြောက်စမုတ်ဆောင်ကြီးမှာ မှန်နန်းဆောင်၏မြောက်တည့်တည့်တွင် မြောက်ဘက်မင်းတက်လှေကားတော်ကြီးထိပ်၌ တောင် မြောက်ခေါင်ရိုးအတိုင်း စမုတ်ကိုမြောက်သို့ ဦးလှည့်လျက် တောင်စမုတ်ဆောင်ကြီးနှင့် ပုံစံတူ၊ အရွယ်တူ၊ လေးထပ်ယွန်းဆောင် ဆောက်လုပ်ထားပြီး ရွှေပိန်းချထားသည်။ မြောက်စမုတ်ဆောင်၏ မာရာဘင်အတွင်း၌ ဥဒေါင်းရုပ်ခံ၍ ပေါက်သားကိုထုလုပ်ထားသော "မယုရာသနပလ္လင်" တော် ထားရှိသည်။ တောင်စမုတ်ဆောင်ရှိ မိဂါသနပလ္လင်တော်နှင့် မြောက်စမုတ်ဆောင်ရှိ မယုရာသနပလ္လင်တော်တို့မှာ ရှုဋ္ဌပလ္လင်တော်အမျိုးအစား ပလ္လင်ငယ်များဖြစ်ကြသည်။ ပလ္လင်တော်ထက်ဝယ် ဆင်နားဇာနှင့် ဥကင်တံကဲတော်ကြီးများ အသီးသီးရှိကြသည်။

ထီးရုံ၊ နန်းရုံ စော်ဘွား၊ မြို့စား၊ သူဌေးသူကြွယ်တို့ သမီးကညာရတနာ၊ စိန်၊ ကျောက်၊ ဆင်၊ မြင်း ရတနာများ ဆက်သလာသည့်အခါတွင် ဘုရင်မင်းမြတ်သည် မြောက်စမုတ်ဆောင်သို့ထွက်တော်မူ၍ လက်ခံသိမ်းမြန်းတော်မူသည့် မင်းဇေကရာဇ်တို့ ပဏ္ဏာတော်များ သိမ်းမြန်းရာအဆောင်ဖြစ်သည်။ တောင် မြောက်အလျား (၃၄) ပေ၊ အရှေ့ အနောက် (၂၇) ပေ၊ အမြင့် (၃၆) ပေ ရှိပါသည်။



မြောက်စမုတ်ဆောင်

BURMESE CLASSIC .com



## အဆောင် (၂၆) မြောက်ရေစက်သွန်းပြာသာဒ်ဆောင်



မြောက်ရေစက်သွန်းပြာသာဒ်ဆောင်


မြောက်စမုတ်ဆောင်၏ အရှေ့ဘက်တွင် တောင်ရေစက်သွန်းပြာသာဒ်ဆောင်နှင့် ပုံစံတူအရွယ်တူ ဆောက်လုပ်ထားသော ဘုံ (၇) ဆင့်၊ လေးစင်တိုင်ပြာသာဒ်ငယ်မှာ မြောက်ရေစက်သွန်းပြာသာဒ်ဆောင် ဖြစ်သည်။ မြောက်စမုတ်ဆောင်သို့ လာရောက်ဆက်သသော ရတနာများကို လက်ခံသိမ်းမြန်းပြီး၊ ဘိသိက်သွန်းအခမ်းအနား ကျင်းပရာ အဆောင်ဖြစ်သောကြောင့် ဤအဆောင်ကို "ဘိသိက်တော်သွန်းပြာသာဒ်" ဟုလည်း ခေါ်ဆိုကြသေးသည်။ ဘေးတွင် သစ်သားကြမ်းပြင်နှင့် ပွတ်လက်ရုံး ပတ်လည်ရှိပြီး ၎င်းကို "ဆင်ယှဉ်" ဟုလည်းခေါ်သည်။

## အဆောင် (၂၇) မြောက်ပန်းခုံအုတ်တိုက်

ပုံစံငယ်တွင် မြောက်ပန်းခုံအုတ်တိုက်ကို (L) ပုံသဏ္ဌာန် တောင် မြောက်အလျားရှည် တစ်ဆင့်ချိုး ဆောက်လုပ်ထားသည့်အုတ်တိုက်အဖြစ် တွေ့ရှိရသည်။ ရှေးမှတ်တမ်းများအရ ထိုနေရာတွင်ပင် "ကွန်းခန်းတော်အုတ်တိုက်" တည်ရှိခဲ့သည်ဟု အဆိုရှိသည်။ ပုံသဏ္ဌာန်နှင့်အနေအထားမှာ တောင်ပန်းခုံအုတ်တိုက်ကဲ့သို့ပင် ဖြစ်သည်။ တည်ရှိသောနေရာမှာ အဆောင်ဘက်နန်းခုံတော်ကြီး၏ အရှေ့မြောက်အစွန်း မြောက်စမုတ်ဆောင်၏ အရှေ့ဘက်နေရာတွင် ဖြစ်ပါသည်။ အလျား (၉၁) ပေ၊ အနံ (၄၄) ပေ၊ အမြင့် (၂၀) ပေ ရှိပါသည်။

www.burmeseclassic.com


www.burmeseclassic.com

မြောက်ပန်းခုံအုတ်တိုက်

## အဆောင် (၂၈) နံ့သာနန်းတော်

နံ့သာနန်းတော်မှာ မြောက်စမုတ်ဆောင်၏တောင်ဘက်၊ မှန်နန်းတော်နှင့် တောင်မြောက်တည့်တည့်ရှိသော အုတ်တံတိုင်းငယ်၏အနောက်ဘက်၌ အနောက်သို့မျက်နှာမူ၍ တည်ဆောက်ထားသော ခေါင်ရိုး၌စပယ်ထပ်တင်ကာ နှစ်ဆင့်လည်ပေါ် နှစ်ဆောင်တွဲအဆောင်ပင်ဖြစ်သည်။ တောင်ဘက်နှင့်အနောက်ဘက်တို့တွင် စမြင်နှစ်ဘက်ချထားသည်။ အပြင်ထပ်တွင် မှန်စီရွှေချ၊ ရင်တားတော်နှစ်ဘက်နှင့် အတွင်းတွင်အခန်းဖွဲ့ကာ ပွတ်လက်ရုံးများ ကာရံထားသည်။



နံ့သာနန်းတော် (နံ့သာဆောင်)

ဘုရင်မင်းမြတ် နေ့ညမပြတ်စံစားရာ မှန်နန်းဆောင်အတွင်းသို့ နန်းရမိဖုရားကြီးလေးပါးမှအပ ကိုယ်လုပ်တော်များ ဝင်ထွက်ခစားခွင့်မရှိရာ နေ့ခင်းနေ့လည် ဘုရင်မင်းမြတ်မိဖုရားငယ်များနှင့်တွေ့ဆုံလိုလျှင် ဤအဆောင်သို့ ကြွမြန်းလေ့ရှိသည်။ မင်းအသုံးအဆောင်ဖြစ်၍ အမွှန်းပန်းများ များပြားစွာတပ်ဆင်ထားသည်။ အချို့ကလည်း ဘုရင်မင်းမြတ် နံ့သာဖြူသောက်မှု၊ အမွှေးအထုံများလိမ်းရာဖြစ်၍ "နံ့သာဖြူနန်းတော်" ဟု ခေါ်ဆိုကြပေသည်။ တောင် မြောက်အလျား (၄၈) ပေ၊ အရှေ့ အနောက်အနံ (၃၀) ပေ၊ အမြင့် (၂၄) ပေ ရှိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## အဆောင် (၂၉) ချိုးရေတော်သုံးအဆောင်နှင့် အိမ်သာတော်

ဘုရင်မင်းမြတ်စံစားတော်မူရာမှ မှန်နန်းဆောင်ကြီး၏ အနောက်မြောက်ထောင့် အရပ်တွင် ကြမ်းမြင့်ခံလျက် နှစ်ဆောင်တွဲအဆောင်ငယ်တစ်ခုရှိသည်။ တောင်ဘက် အဆောင်မှာ ဘုရင်မင်းမြတ် ချိုးရေတော်သုံးသောအဆောင်ဖြစ်ပြီး မြောက်ဘက်အဆောင် မှာ အိမ်သာတော်ဖြစ်သည်။ နှစ်ဆောင်စလုံးအတွင်း၌ ရေပူတော်၊ ရေအေးတော်၊ ပိုးသား မျက်နှာသုတ်ပုဝါများ အမြဲမပြတ်ထားရှိရသည်။ အိမ်သာတော်အောက်တည့်တည့်တွင် ရေဖြည့်ထားသော စဥ့်အင်တုံကြီးရှိ၍ အိမ်သာတော်ကို သုံးစွဲပြီးလျှင်ပြီးချင်း "သူငယ်တော်" အမှုထမ်းများက ချက်ခြင်းအသစ်လဲလှယ်ပေးကြရသည်။ သတ်ရန်အမိန့်ကျသူများကို ဖြတိုက်သံတော်ဆင့်မှတစ်ဆင့် အပျိုတော်များက မင်းကြီးရေအိမ်အထွက်တွင် ဖတ်၍ လျှောက်ကြားလေ့ရှိပြီး လွတ်လိုပါက တစ်ပါတည်း ဤနေရာမှာပင် အမိန့်တော်ချမှတ် ခဲ့သည်။ အဆောင်၏အရှေ့ဘက်ရှိကွက်လပ်မှာ ရွှေနန်းတော်ကျောင်း၏ နေရာဟောင်း မင်းတုန်းမင်းတရားကြီး နတ်ရွာစံသွားရာဖြစ်သော ရွှေနန်းတော်ဆောင်နေရာဖြစ်သည်။

## အဆောင် (၃၀) မှန်နန်းစနုဆောင်



အလျား (၃၄) ပေ (၆) လက်မ၊ အနံ (၁၀)ပေ(၆)လက်မ၊ အမြင့် (၂၅) ပေ (၆) လက်မ ရှိပါသည်။

ဖောင်းတော်ကြီးနှင့် ကပ်လျက် မှန်နန်းဆောင်ကြီး၏အရှေ့ဘက်ကြားတွင် ခေါင်မိုးအရှေ့အနောက်နေလျှောက် ဆောက် လုပ် ထားသောအဆောင်ငယ်မှ မှန် နန်း စ နု ဆောင် ဖြစ်သည်။ အခြား စနုဆောင်တို့ထက် ထူးကဲ၍ အမိုးသုံးဆင့်ထိပ်ဘုံတွင် စ ပယ် ထပ် ခေါင်ရိုးဖြင့်ဆောက်လုပ်ထားပြီးအောက်ခြေ၌ပွတ်လက်ရမ်းများ ကာရံထားသည်။ မှန်နန်းဆောင်တော်ကြီး၏ အရှေ့ဘက် မင်းတက်လှေခါးမှတစ်ဆင့် ဖောင်းတော်ဆောင်စသော အရှေ့ပိုင်း အဆောင်များသို့ ကူးစံရာ အဆောင်ကူးဖြစ်ပြီး ရှေ့ပိန်းချအဆောင်တော်ဖြစ်သည်။

အင်းဝမြို့ ဘကြီးတော်ဘုရားလက်ထက်တော်အခါက ဤကဲ့သို့ မှန်နန်းစနုဆောင်တော်၌ ရဟန်းပညာရှိ၊ လူပညာရှိတို့ စုပေါင်း၍ "မှန်နန်းရာဇဝင်တော်ကြီး" ကို ရေးသားခဲ့ကြသည်။ ထို့အတူပင် ရတနာပုံခေတ်၌လည်း ဤမှန်နန်းစနုဆောင်အတွင်း၌ပင် "ဒုတိယ မဟာရာဇဝင်တော်ကြီး" ကို ပညာရှိတို့ ရေးသားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com




## အဆောင် (၃၁) မှန်နန်းတော်ကြီး

စမုတ်လေးဆောင်တို့ကိုဆက်သော မျဉ်းနှစ်ကြောင်းဆုံရာမှာ နန်းခုံတော်ကြီး၏ ဗဟိုနေရာဖြစ်သည်။ တစ်နည်းအားဖြင့် အရှေ့ဦးထိပ်တံခါးစသော မင်းထွက်တံခါးတော်ကြီးလေးပေါက်တို့ဆက်ရာ မျဉ်း၏အလယ်ဗဟိုနေရာလည်းဖြစ်ပေသည်။ ဤဗဟိုနေရာတွင်မှန်ချိန်၍ အခြားအဆောင်များကို ပန္နက်ချတည်ဆောက်ခဲ့သောကြောင့် မှန်နန်းဆောင် (ဗဟိုနန်းဆောင်) ဟုခေါ်ဆိုခြင်းဖြစ်သည်။ နောက်ပိုင်းသုတေသီများက ယူဆသလို မှန်နန်းများစီချယ်ထား၍ မှန်နန်းဆောင်ဟုခေါ်ဆိုခြင်းမဟုတ်ပေ။ ဖန်မှန်များစီချယ်ထား၍သာ မှန်နန်းဆောင်ဟုခေါ်ရလျှင် မြေနန်းပြာသာဒ်တော်ကြီးမှစ၍ နန်းရမိဖုရားကြီးများအဆောင် စသည်တို့ကိုလည်း မှန်နန်းဆောင်ဟုပင် ခေါ်ဆိုကြရမည်ဖြစ်ကြောင်း သိမီသူတို့ ပြောဆိုခဲ့ဘူးပါသည်။

မှန်နန်းဆောင်ကြီးမှာ ဘုရင်မင်းမြတ် နေ့ညမပြတ်စံစားရာအဆောင်ဖြစ်၍ မြေနန်းပြာသာဒ်တော်ကြီးမှအပ အကြီးဆုံး၊ အကျယ်ဝန်ဆုံးနှင့် အမြင့်ဆုံးဖြစ်ပြီး တောင်မြောက်၌ အမိုးငါးဆင့်လည်ပေါ်၊ အရှေ့ အနောက်၌ အမိုးလေးဆင့်စီရှိသော "ဇေတဝန်ကြီး" ဆောင် အမျိုးအစားဖြစ်ပြီး၊ ခေါင်ရိုး အရှေ့ အနောက် "နေလျှောက်" ဆောက်လုပ်ထားသည်။ ရွှေပိန်းချ၊ အတွင်းမှန်စီအဆောင်တော်ကြီးဖြစ်ပြီး ခေါင်ရိုး၌ သိုင်းနှစ်ချက်စိုက် "ငှက်တော်စောင့်တဲ" ပါရှိသည်။ ကြမ်းပြင်ကို အခြားအဆောင်များထက် (၃) ပေခွဲမြှင့်တင်ထားပြီး ပတ်လည်၌ ဖန်ပွတ်လုံးလက်ရမ်းများ၊ ပန်းပုလှေကားဘောင်များ၊ သံပြားခေါက်၍ မှန်စီရွှေချထားသော ဆင်စွယ်ဝန်းယှက် ဓာပေါက်များဖြင့် ခမ်းနားစွာကာရံထားသည်။

အဆောင်ကြီး၏အလယ်တွင် တောင်မြောက်တန်းလျက် မာရဘင်ဆီးထားပြီး မာရဘင်၏အရှေ့ဘက်တွင် ပိတုန်းရုပ်ခံ၍ ကရဝေးသားဖြင့်ထုလုပ်ထားသော မဏ္ဍိမပလ္လင်အမျိုးအစား ဘမရာသနပလ္လင်တော်ကြီးနှင့် "မနောဟရ" ထီးဖြူတော်များ စိုက်ဆောက်ထားသည်။ နောက်အခန်းတွင်း၌ ဘုရင်မင်းမြတ်စက်တော်ခေါ်ရာ သလွန်တော်ထားရှိပြီး "ခြင်လုံတော်" ဖြင့် ပတ်လည်မှကာရံထားပြီး အပေါ်မှ လေယပ်ဆွဲလျက်ရှိသည်။



မှန်နန်းတော်ကြီး (တည်ဆောက်ဆဲ)

မှန်နန်းဆောင်တော်ကြီးတွင် အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအဖြစ် ဘိသိက်ခံယူရာ၊ သားတော် သမီးတော်များ နားထွင်းမင်္ဂလာ၊ ရှင်ပြုအလှူတော်မင်္ဂလာများလည်း ကျင်းပလေ့ရှိသည်။ မှန်နန်းဆောင်တော်ကြီးအတွင်းတွင် ကိုယ်လုံးပေါ်ကြည့်မှန်ချပ်ကြီးများလည်းထားရှိခဲ့သည်။ ဤအဆောင်တော်ကြီးသို့ နန်းရမိဖုရားကြီးလေးပါးမှအပ ကျွန်မှူးတော်၊ မတ်တော်၊ မိဖုရားငယ်များ အခွင့်ရမှသာ ဝင်ရောက်ခစားကြရသည်။ အရှေ့ အနောက်အလျား (၁၀၀) ပေ (၆) လက်မ၊ တောင် မြောက်အနံ (၈၉) ပေ၊ အမြင့် (၆၂) ပေ (၃) လက်မ ရှိပါသည်။

## အဆောင် (၃၂) ပွဲကြည့်ဆောင်

ပွဲကြည့်ဆောင်မှာ အုတ်တိုက်နန်းတော်၏နောက်တန်း မယ်တော်ဆောင်ဟု အများခေါ်ဆိုကြသော တောင်နန်းမဟေသီဆောင် သုံးဆောင်တွဲကြီး၏တောင်ဘက် နန်းခုံအစွန်းတွင် တည်ရှိခဲ့သည်။ သားတော်သီပေါမင်းတရားလက်ထက်မှ အသစ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အမိုးနှစ်ဆင့် လည်ပေါ်ထောင့်ခေါင်ရိုး အရှေ့အနောက်ဖြစ်ပြီး ရွှေပိန်းချအဆောင်ဖြစ်သည်။ သားတော် သမီးတော်များ သျှောင်ထုံး ဓာတ်ဆင်၊ နားထွင်းမင်္ဂလာ စသော

www.burmeseclassic.com

ပွဲများပြုလုပ်သောအခါ ပွဲလမ်းသဘင်ကပြစေသည်ကို ထွက်စံကြည့်ရှုသောအဆောင်ဖြစ်သည်။ ထိုပွဲကြည့်ဆောင်၏တောင်ဘက် မြေပြင်ပေါ်တွင် ထီးဖြူရုံ (သို့မဟုတ်) ကပွဲရုံများရှိခဲ့၍ ထိုအတွင်း၌ ကပြအသုံးတော်ခံကြရသည်။

## မိဖုရားဆောင်များနှင့် သမီးတော်ဆောင်များ

မှန်နန်းဆောင်ကြီး၏အနောက်မှ အနောက်စမုတ်အဆုံးတိုင်အောင် မိဖုရားဆောင်များ အတန်း (၆) တန်းခွဲလျက် တည်ရှိကြသည် –

- နန်းရ မိဖုရားကြီးများ (ပထမနှင့် ဒုတိယတန်း)
- အဆောင်ရ မိဖုရားကြီးများ (တတိယတန်း)
- တန်းလျားရ မိဖုရားများ (စတုတ္ထတန်း) နှင့်
- တန်းလျားမရ မိဖုရားများ (ပဥ္စမနှင့် ဆဋ္ဌမအတန်း) ဟူ၍ လေးမျိုးခွဲခြားနိုင်သည်။

နန်းရမိဖုရားကြီးများ၏ အဆောင်တို့မှာ ရွှေပိန်းချအဆောင်၊ အဆောင်ရမိဖုရားကြီးများ၏အဆောင်တို့မှာ ရွှေစံကနိရေး ရွှေတစ်ဝက်၊ အနီတစ်ဝက်အဆောင်များဖြစ်ကြပြီး၊ တန်းလျားရမိဖုရားများနှင့် တန်းလျားမရမိဖုရားများ၏ အဆောင်များမှာ သစ္စေးအနီရောင်သုတ်အဆောင်များ ဖြစ်ပါသည်။

အနောက်ပိုင်းမင်းရင်ပြင်ရှိ မိဖုရားဆောင်နှင့် အခြားအဆောင်များမှာ အဆောင်အားဖြင့် (၇၈) ဆောင်၊ အမိုးတစ်ဆက်တည်းရှိသော အဆောင်တွဲအားဖြင့် (၅၈) ဆောင်၊ အဆောင်တန်းများ၊ အိမ်သာများပါဝင်သော ဝင်းခြံအားဖြင့် (၃၅) ကွက်တို့တွင် အိမ်သာတော်ပေါင်း (၄၂) ဆောင်ရှိခဲ့သည်။ အဆောင်ပေါင်း (၇၈) ဆောင်ရှိသော်လည်း အဆောင်အရွယ်အစားအလိုက် ခွဲခြားလိုက်သော် –

(က) ၁၂၀' x ၆၀' အရွယ် (၃) ဆောင်တွဲ အဆောင်ကြီး၊
(ခ) ၈၀' x ၆၀' အရွယ် (၂) ဆောင်တွဲ အဆောင်ကြီး၊
(ဂ) ၆၀' x ၃၀' အရွယ် (၃) ဆောင်တွဲ အဆောင်ငယ်၊
(ဃ) ၅၀' x ၃၀' အရွယ် (၂) ဆောင်တွဲ အဆောင်လတ်၊
(င) ၄၀' x ၃၀' အရွယ် (၂) ဆောင်တွဲ အဆောင်ငယ်၊
(စ) ၃၀' x ၆၀' အရွယ် ဆောင်ချင်း၊ အဆောင်ကြီး၊
(ဆ) ၂၀' x ၃၀' အရွယ် ဆောင်ချင်း၊ အဆောင်ငယ်ဟူ၍ (၇) မျိုးရှိပါသည်။



ဘုရင်မင်းတရားကြီးတွင် နန်းရမိဖုရားကြီးလေးပါးရှိရာ ပထမတန်း တောင်စွန်းတွင်ရှိ၍ တောင်နန်းမိဖုရား၊ မှန်နန်းဆောင်နှင့်တည့်တည့် အလယ်နေရာတွင်ရှိ အလယ်နန်းမိဖုရား၊ မြောက်စွန်းတွင်ရှိ၍ မြောက်နန်းမိဖုရား၊ ထိုမိဖုရား (၃) ပါးနှင့် တစ်တန်းတည်းမဟုတ်ဘဲ ဒုတိယတန်း (အနောက်ဘက်တန်း) တွင်ရှိ အနောက်နန်းမိဖုရားဟူ၍ အစဉ်အလာ ခေါ်ဝေါ်ခဲ့ကြသည်။


ဒုတိယအတန်းတွင်ပင် အနောက်နန်းမိဖုရားအဆောင်၏ ဝဲ / ယာတို့၌ မယ်တော်၊ နမတော်၊ သမီးတော်တို့ကို ထားလေ့ရှိသည်။ သို့သော်လည်း မင်းတုန်းမင်းတရားကြီး မြို့နန်းပြောင်းရွှေ့ခါစကပင် တောင်နန်းမပေါသီဆောင်နေရာ၌ ရွှေဘိုမင်း၏ တောင်ဆောင်တော်မိဖုရားဖြစ်သော မင်းတုန်းမင်းတရားကြီး၏မယ်တော်ကို နေစေခဲ့ရာမှ အဆောင်တို့၏ အခေါ်အဝေါ်များလည်း နေထိုင်သော မိဖုရားများကိုလိုက်၍ ပြောင်းလဲသွားပါတော့သည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါက နန်းရမိဖုရားကြီး (၄) ပါး၊ အဆောင်ရမိဖုရား (၄) ပါးနှင့် မိဖုရားငယ် (၄၀) ကျော်ရှိခဲ့သော်လည်း၊ သားတော်သီပေါမင်းလက်ထက်၌ မိဖုရား (၃) ပါးနှင့် ကိုယ်လုပ်တော် (၃) ဦးထက် မပိုခဲ့ပေ။ ထို့ကြောင့် မိဖုရားဆောင်များကို မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါအား ရည်ညွှန်း၍ ဖော်ပြသွားပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## အဆောင် (၃၃ – ၃၆) မြောက်နန်းမဟေသီဆောင်




မြောက်နန်းမဟေသီဆောင် (တည်ဆောက်ဆဲ)

မိဖုရားဆောင်များ (ပထမတန်း) ၏ မြောက်ဖွန်းအထွက်ရှိ အဆောင်စုသည် မြောက်နန်းမဟေသီဆောင်ဖြစ်သည်။ အမိုးသုံးဆင့်လည်ပေါ် ဇေတဝန်ဆောင်ကြီးအား ဘေးနှစ်ဘက်မှ အမိုးနှစ်ဆင့်လည်ပေါ်ဆောင်နှစ်ခုတွဲ၍ ဆောက်လုပ်ထားပြီး အခြင်ဖွန်းများဆုံရာ၌ သစ်သားရေတံလျှောက်ကြီးများခံထားသည်။ (တ) အမျိုးအစား သုံးဆောင်တွဲအဆောင်ကြီးဖြစ်ပြီး အလယ်ခေါင်ရိုးထိပ်၌ ငှက်တော်စောင့်တဲပါရှိသည်။ အဆောင်ကြီး၏နောက်တွင် အပျိုတော်များ၏တန်းလျားဆောင်ရှိပြီး ဝဲ / ယာ ဝင်းထောင့်များ၌ အိမ်သာတော် (၂) ဆောင်ရှိသည်။

မူလအစဉ်အလာအားဖြင့် မြောက်နန်းမိဖုရားကြီးစံမြန်းရာ အဆောင်ဖြစ်သည်။ မြောက်နန်းမတော်မရှိသည့်နောက် အလယ်နန်းမတော် ဆင်ဖြူမရှင်မိဖုရားကြီး နေရသည်ဖြစ်၍ "ဆင်ဖြူမရှင်" ဆောင်ဟုလည်း ဖော်ပြကြသည်။ "အလယ်နန်းမတော်ဆောင်" ဟုလည်း ဖော်ပြကြသည်။ ဆင်ဖြူမရှင်မိဖုရားကြီးမှာ စုဖုရားတို့၏မယ်တော်၊ သီပေါမင်း၏ ယောက္ခမတော်ဖြစ်သည်။ အရှေ့ အနောက်အလျား (၁၁၂) ပေ (၆) လက်မ၊ တောင် မြောက်အနံ (၈၉) ပေ၊ အမြင့် (၄၃) ပေ (၃) လက်မ ရှိပါသည်။



## အဆောင် (၃၈) တပင်တိုင်နန်းဆောင်



တပင်တိုင်နန်းဆောင် (တပင်တိုင်မင်းသမီးဆောင်)
ပုံစံငယ်နှင့် တည်ဆောက်ဆဲ

တပင်တိုင်မင်းသမီးဆိုသည်မှာ သမီးတော်များအနက် ရုပ်ရည်ချောမောလှပသူ၊ လောကီ လောကုတ္တရာပညာ ထူးချွန်သူ၊ အတွေးအခေါ် အမြော်အမြင်ရှိသူ သမီးတော်တစ်ပါးကို ရွေးချယ်၍ တပင်တိုင်နန်းတွင်ထားကာ အခြားမည်သည့်သားတော်များနှင့်မှ မစုံဖက်စေဘဲ အိမ်ရှေ့မင်း၏ မိဖုရားခေါင်ကြီးဖြစ်မည့် နန်းရံမင်းသမီးပင်ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏သမီးတော် စလင်းစုဖုရားနေခဲ့သည်။ တပင်တိုင်ဆောင်မှာ အမိုးသုံးထပ်၊ လည်ပေါ် "မြာစိုက်" ဆောင်ဖြစ်၍ ခေါင်ရိုး အရှေ့အနောက်ရှိသည်။ ငှက်ခတ်တဲပါရှိသည်။ နောက်၌ တောင် မြောက်တန်းလျက် တန်းလျားပါရှိသည်။ အရှေ့ အနောက်အလျား (၆၃) ပေ၊ တောင် မြောက်အနံ (၂၇) ပေ၊ အမြင့် (၃၄) ပေ (၃) လက်မ ရှိပါသည်။

## အဆောင် (၃၉ – ၄၂) အလယ်နန်းမတော်ဆောင်


မှန်နန်းဆောင်၏ အနောက်ဘက်ကပ်လျက်ရှိသော သုံးဆောင်တွဲအဆောင်ကြီးမှာ အလယ်နန်းမတော်ဆောင်ကြီး ဖြစ်ပါသည်။ မြောက်ဘက်ဝဲဆောင် (၄၀) မှာ အခြားအဆောင်များကဲ့သို့ မဟုတ် အုတ်တိုက်အဆောက်အဦးဖြစ်သည်။ အရှေ့ဘက်တွင်ကပ်လျက် နန်းမစနုဆောင် (၃၉ – က) ကို တောင် မြောက်အလျား ဆောက်လုပ်ထားသည်။

www.burmeseclassic.com


www.burmeseclassic.com



မင်း မောင်းမတို့ ညီလာခံသဘင် ကျင်းပလေ့ရှိသည်။ အလယ်နန်းမိဖုရား၏အဆောင်ဖြစ်သော်လည်း အဂ္ဂမဟေသီ၊ တောင်နန်းမတော်မိဖုရားခေါင်ကြီး နေထိုင်ရာဖြစ်၍ "မဟေသီဆောင်" နန်းမတော်ဆောင် ဟုခေါ်ဝေါ်ကြသည်။ ရွှေပိန်းချအဆောင်ကြီးဖြစ်၍ အတွင်းခန်းအချို့၌ ဖန်မှန်များခြယ်သပြီး၊ အချို့၌ ဆေးဖြူသုတ်ထားကာ အလယ်အဆောင်ကြီး၏ ခေါင်ရိုးထိပ်၌ "ငှက်တော်စောင့်တဲ" ပါရှိသည်။ အလျား (၁၁၈) ပေ (၆) လက်မ၊ အနံ (၈၉) ပေ၊ အမြင့် (၄၃) ပေ (၃) လက်မ ရှိပါသည်။



အလယ်နန်းမတော်မဟေသီဆောင်



တောင်နန်းမတော်မဟေသီဆောင်


## အဆောင် (၄၃ – ၄၆) တောင်နန်းမတော်မဟေသီဆောင်

တောင်နန်းမတော်မဟေသီဆောင်မှာ ပထမတန်း တောင်ဘက်စွန်းတွင်ရှိသည်။ တောင်နန်းအဂ္ဂမဟေသီမိဖုရားခေါင်ကြီး၏ နန်းဆောင်အဖြစ်ရည်ရွယ်၍ တည်ဆောက်ခဲ့သော်လည်း ဘုရင်မင်းတရားကြီး၏မယ်တော်ကို တင်ထားခဲ့သဖြင့် "မယ်တော်ဆောင်" ဟု အသိများကြသည်။ (၃) ဆောင်တွဲ အဆောင်ကြီးအမျိုးအစားဖြစ်ပြီး ရွှေပိန်းချအဆောင်ဖြစ်သည်။ အလယ်ဆောင်ထိပ်၌ "ငှက်တော်စောင့်တဲ" ပါရှိသည်။ နောက်တွင်လည်း တန်းများနှင့် အိမ်သာတော်များ ရှိခဲ့သည်။ တောင်ဘက်ကပ်လျက်နန်းခုံပေါ်တွင် မင်းခန်းတော် (၃၂) ဆောင်အနက်မှ နောက်ဆုံးပွဲကြည့်ဆောင်နှင့် ဆက်စပ်လျက်တည်ရှိသည်။ အရှေ့အနောက်အလျား (၁၁၂) ပေ (၆) လက်မ၊ တောင် မြောက်အနံ (၈၉) ပေ၊ အမြင့် (၄၃) ပေ (၃) လက်မ ရှိပါသည်။




## အဆောင် (၄၇ – ၄၈) ကောလင်းမင်းသမီးဆောင်

ဒုတိယတန်း မြောက်ဆုံးတွင်ရှိသော တပင်တိုင်နန်းနှင့်အရှယ်တူ ဆောင်ချင်းအဆောင်မကြီးမှာ ပထမတွင် "ပင်းထိပ်ခေါင်တင်မင်းသမီး" နေ၍ ထို့နောက် ရွှေဘိုမင်းမိဖုရား၏မယ်တော် "သောင်းတုံ (ကောင်းတုံ)" မိဖုရားနေသည်။ နောက်ဆုံးတွင် နှစ်မတော်ကောလင်းမင်းသမီးနေသည်။ ရွှေပိန်းချအဆောင်ဖြစ်၍ နောက်တွင် တောင် မြောက်ခေါင်ရိုးရှိတန်းလျားနှင့် အိမ်သာတော်တို့ ပါရှိသည်။ အလျား (၅၈) ပေ (၆) လက်မ၊ အနံ (၂၅) ပေ (၆) လက်မ၊ အမြင့် (၃၂) ပေ (၃) လက်မ ရှိပါသည်။



ကောလင်းမင်းသမီးဆောင် (ပုံစံငယ်)



စိန်တုန်းမိဖုရားဆောင် (ပုံစံငယ်)

## အဆောင် (၄၉ – ၅၁) စိန်တုံးမိဖုရားဆောင်


ဒုတိယတန်း၊ ဒုတိယဝင်းရှိအဆောင်မှာ အမိုး (၃) ထပ် လည်ပေါ်ဆောင်ကြီးနှင့် တောင်ဘက်မှ အမိုးနှစ်ထပ်လည်ပေါ် ဝဲဆောင်ဆက်၍ နှစ်ဆောင်တွဲဆောက်လုပ်ထားသော အဆောင်ကြီးအမျိုးအစားဖြစ်သည်။ (ဝဲဆောင်ဆိုသည်မှာ ဧည့်ခံဆောင်ကိုခေါ်ဆိုခြင်းဖြစ်သည်) ပထမတွင် တောင်သာမိဖုရား၊ ဒုတိယ သီပေါမင်းတရား၏မယ်တော်လှိုင်းလောင်းရှည်မိဖုရားကြီးနေပြီး နောက်ဆုံး စိန်တုံးထိပ်ခေါင်တင်နေ၍ "စိန်တုံးမိဖုရားဆောင်" ဟုလူသိများသည်။ ရွှေပိန်းချအဆောင်ဖြစ်ပြီး နောက်ပိုင်း၌တန်းလျားနှင့် အိမ်သာတော်များပါရှိသည်။ အလျား (၇၆) ပေ (၆) လက်မ၊ အနံ (၅၈) ပေ (၆) လက်မ၊ အမြင့် (၄၁) ပေ (၃) လက်မ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အဆောင် (၅၂ – ၅၄) အလယ်နန်းမိဖုရားဆောင် (မယ်တော်ဆောင်)

နန်းမဆောင်၏အနောက်ဘက် အနောက်ဇေတဝန်ဆောင်သို့သွားသော မင်းလမ်းမကြီး၏ မြောက်ဘက်ကပ်လျက်ရှိသော အထွက်ဒုတိယတန်းတွင်ရှိသည့် "နှစ်ဆောင်တွဲ" အဆောင်ကြီးမှာ စုဖုရားလတ်မယ်တော် "အလယ်နန်းမိဖုရား" ဆင်ဖြူမရှင်နေခဲ့သော အဆောင်ဖြစ်သည်။ နောက်မှ ပထမအတန်းမြောက်ထိပ်တော်သို့ ပြောင်းရွှေ့စံနေသည်။ အချို့မှူများ၌ "မြောက်နန်းမိဖုရားဆောင်" ဟုလည်း ဖော်ပြထားကြသည်။




အလယ်နန်းမိဖုရားဆောင် (မယ်တော်ဆောင် ပုံစံငယ်)


ရွှေပိန်းချအဆောင်ကြီးဖြစ်ပြီး နောက်တွင် တန်းလျား၊ အိမ်သာနှင့် ပွဲတော်ဖိုဆောင် ပါရှိသည်။ "စားဖိုဆောင်" ခေါ် ပွဲတော်ဖိုမှာ တန်းလျား၏တောင်ဘက်တွင် အရှေ့အနောက်အလျား အုတ်ဖြင့်ဆောက်ထားပြီး စားဖိုပေါက် (၁၀၀) ရှိသော အဆောင်ဖြစ်သည်။ ရွှေစားဆွဲတို့က စားမိုး၍စောင့်ရှောက်ကြည့်ရှုနေသည့်ရှေ့တွင် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးများ၊ သားတော် သမီးတော်များ ပွဲတော်တည်ရန် အချက်၊ အကြော်၊ အကင်၊ အပေါင်း၊ အနှပ်၊ အသုတ် စသည်တို့ကို စားဖိုမှူးတို့က ချက်ပြုတ်ကြရသည်။ အလျား (၇၆) ပေ (၆) လက်မ၊ အနံ (၅၈) ပေ (၆) လက်မ၊ အမြင့် (၄၁) ပေ (၃) လက်မ ရှိပါသည်။



## အဆောင် (၅၅ – ၅၇) အနောက်နန်းမိဖုရားဆောင်

မင်းလမ်းမကြီး၏တောင်ဘက်ကပ်လျက် အလယ်နန်းမိဖုရားဆောင်နှင့် အရွယ်တူ ပုံစံတူ ဝဲဆောင်ကိုမြောက်ဘက်ထား၍ ဆောက်လုပ်ထားသော ရွှေပိန်းချအဆောင်ကြီးမှာ အနောက်နန်းမိဖုရား၏ အဆောင်ဖြစ်သည်။ နောက်၌တန်းလျားနှင့် အိမ်သာတော်တို့ ပါရှိသည်။ အနောက်နန်းမတော်မိဖုရားကြီး စံနေတော်မူသည့်အဆောင်ဖြစ်ပြီး သီပေါမင်းတရားလက်ထက်တွင် ပြောင်းပြာစုဖုရား စံနေတော်မူသည်။ အလျား (၇၆) ပေ (၆) လက်မ၊ အနံ (၅၈) ပေ (၆) လက်မ၊ အမြင့် (၄၀) ပေ (၃) လက်မ ရှိပါသည်။





အနောက်နန်းမိဖုရားဆောင် (ပုံစံငယ်)    ပုခန်းကြီးစုဖုရားဆောင် (ပုံစံငယ်)

## အဆောင် (၅၈ – ၆၀) ပုခန်းကြီးစုဖုရားဆောင် (ပခန်းမင်းသမီး)

ဒုတိယတန်းတောင်ဆုံးထိပ်ရှိ အနောက်နန်းအဆောင်နှင့် ပုံစံတူဆောက်လုပ်ထားသော ရွှေပိန်းချနှစ်ဆောင်တွဲအဆောင်ကြီးမှာ နှစ်မတော်စုဖုရား၏အဆောင်ဖြစ်၍ နောက်၌ အိမ်သာတော်ပါရှိသည်။ အလျား (၇၆) ပေ (၆) လက်မ၊ အနံ (၅၈) ပေ (၆) လက်မ၊ အမြင့် (၄၁) ပေ (၃) လက်မ ရှိပါသည်။


www.burmeseclassic.com

www.burmeseclassic.com



## အဆောင် (၆၁ – ၆၃) မြောက်ဆောင်တော်မိဖုရားဆောင်

တတိယတန်းမြောက်ဆုံးထိပ်ရှိ အဆောင်လတ်အရွယ် နှစ်ဆောင်တွဲအဆောင်မှာ မြောက်ဆောင်တော်မိဖုရား "ငဖဲထိပ်ခေါင်တင်" ၏အဆောင်တော်ဖြစ်သည်။ မြောက်ဘက်မှ အမိုးသုံးထပ်လည်ပေါ်ဆောင်မှာ အနီခံရွှေရေးသော ရွှေတစ်ဝက်၊ အနီတစ်ဝက်မွန်းအဆောင်ဖြစ်ပြီး တောင်ဘက်မှကပ်လျက်ရှိသည့် ဝဲအဆောင်တော်မှာ အနီပိန်းသုတ် "ဟင်္သာပြဒါးဆောင်" ဖြစ်သည်။ နောက်၌ တန်းလျားနှင့် အိမ်သာတော်ပါရှိသည်။



မြောက်ဆောင်တော်မိဖုရားဆောင် မြောက်ရွှေရေးဆောင်

## (အဆောင် ၆၄ – ၆၅) ကန္နီထိပ်ခေါင်တင်ဆောင်

တောင်ဘက်မှကပ်လျက် ဆောင်ချင်း၊ အဆောင်လတ်အမျိုးအစား နှစ်ထပ်လည်ပေါ်ဆောင်မှာ "ကန္နီထိပ်ခေါင်တင်" ၏အဆောင်တော်ဖြစ်သည်။ ဝဲဆောင်မပါရှိဘဲ နောက်၌ တန်းလျားနှင့် အိမ်သာတော်ပါရှိသည်။ အနီခံရွှေရေးဆောင်ဖြစ်ပါသည်။



## အဆောင် (၆၆ – ၆၈) မြောက်ရွှေရေးမိဖုရားဆောင်

မင်းလမ်းမကြီးနှင့်တစ်လမ်းခြား လမ်း၏မြောက်ဘက်အဆောင်မှာ မက္ခရာမင်းသားကြီး၏မယ်တော် မြောက်ရွှေရေးဆောင်မိဖုရားကြီး စံမြန်းရာအဆောင်ဖြစ်သည်။ မူလက အမိုးသုံးဆင့်၊ လည်ပေါ်ဆောင်ကြီး၏ဝဲယာ၌ အမိုးနှစ်ဆင့် လည်ပေါ်တစ်ဆောင်တွဲ၍ ဆောက်လုပ်ထားသော သုံးဆောင်တွဲ အဆောင်ငယ်အမျိုးအစား ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် မြောက်ဘက်ဝဲဆောင်ကို ဖျက်သိမ်းပစ်ခဲ့သည်။ အဆောင်မကြီးရော ဝဲဆောင်ပါ အနီခံရွှေရေးဆောင်များ ဖြစ်ကြသည်။

## အဆောင် (၆၉ – ၇၄) သမီးတော်ဆောင် (၂) ဆောင်

မင်းလမ်းမကြီး၏ မြောက်ဘက်ကပ်လျက်အဆောင်နှင့် မင်းလမ်းမကြီး၏တောင်ဘက်ကပ်လျက်ရှိကြသော နှစ်ဆောင်တွဲ အဆောင်လတ်အမျိုးအစားနှစ်ဆောင်မှာ သမီးတော်များအတွက် ရည်မှန်းဆောက်လုပ်ထားသော အဆောင်လွတ်များဖြစ်၍ စံစားသူ အမြဲမရှိပေ။ မင်းတရားကြီးအလိုတော်ရှိရာ မင်းသမီးများကိုပေးတတ်သည်။ တောင်ဘက်အဆောင်တွင် မက္ခရာမင်းသားနှင့်လက်ဆက်သော ဒုတိယပင်းထိပ်ခေါင်တင်မင်းသမီးစံနေခဲ့ဘူးသည်။ အဆောင်မကြီးကိုရွှေပိန်းချ၍ ဝဲဆောင်များကို အနီသုတ်ထားလေ့ရှိသည်။ နောက်၌တန်းလျားနှင့် အိမ်သာတော်များပါရှိသည်။


## အဆောင် (၇၅ – ၇၈) တောင်ရွှေရေးမိဖုရားဆောင်

ပင်းထိပ်ခေါင်တင်အဆောင်၏ တောင်ဘက်မှ သုံးဆောင်တွဲဆောက်လုပ်ထားသော အဆောင်မှာ တောင်ရွှေရေးဆောင် မိဖုရားကြီး၏အဆောင်ဖြစ်သည်။ ပထမတောင်ရွှေရေးဆောင်မိဖုရားမှာ မြင်ကွန်း၊ မြင်းခုန်တိုင်မင်းသားတို့၏မယ်တော်ဖြစ်ပြီး၊ မိဖုရားကြီးနတ်ရွာစံပြီးနောက် ဒုတိယတောင်ရွှေရေးဆောင်မိဖုရားနှင့် ဝန္ဒရာမိဖုရားကြီးတို့ ဆက်လက်စံနေကြသည်။ အလယ်သုံးထပ် လည်ပေါ်ဆောင်မှာ အနီခံရွှေရေးဆောင်ဖြစ်၍ အဆောင်များမှာ အနီသုတ်ဆောင်ဖြစ်သည်။ နောက်၌ တန်းလျားနှင့် အိမ်သာတော် များပါရှိသည်။


www.burmeseclassic.com

www.burmeseclassic.com





တောင်ရွှေရေးဆောင်



တောင်ဆောင်တော် (ပုံစံငယ်)

## အဆောင် (၇၉ - ၈၁) တောင်ဆောင်တော်မိဖုရားဆောင်

တတိယတန်း တောင်ဖျားဆုံး အဆောင်ကြီးမှာ သုံးထပ်လည်ပေါ်ဆောင်မကြီးတွင် မြောက်ဘက်မှကပ်လျက် နှစ်ထပ်လည်ပေါ် ဝဲဆောင်တပ်ထားသည့် တောင်ဆောင်တော် မိဖုရားစံမြန်းရာအဆောင်ဖြစ်ပြီး နောက်၌အိမ်သာနှင့် တန်းလျားတို့ပါရှိသည်။ ဆောင်မ ကြီးကို အနီခံ ရွှေရေးထားပြီး ဝဲဆောင်ကိုမူ အနီသုတ်ထားသည်။


## အဆောင် (၈၂ - ၉၈) တန်းလျားရ မိဖုရားများအဆောင်

စတုတ္ထတန်းရှိအဆောင်များတွင် တန်းလျားရမိဖုရားလတ်များ စံနေကြသည်။ အနောက် ဇေတဝန်ဆောင်ကြီး၏မြောက်ဘက်တွင် နှစ်ဆောင်တွဲသုံးဆောင်၊ ဆောင်ချင်းတစ်ဆောင်၊ တောင်ဘက်တွင် နှစ်ဆောင်တွဲသုံးဆောင် စုစုပေါင်း (၇) ဆောင်ရှိသည်။


နှစ်ဆောင်တွဲအဆောင်များ၏ ဆောင်မကြီးမှာ မင်းလမ်းမကြီး၏မြောက်ဘက်တွင် ရှိပြီး ဝဲဆောင်မှာ မင်းလမ်းမရှိရာဘက်တွင် တည်ရှိကြသည်။ အဆောင်ငယ်အမျိုးအစား များဖြစ်ကြပြီး (၂) ဆောင်တွဲမှာ အလျား (၄၀) ပေ၊ အနံ (၃၀) ပေရှိပြီး၊ "ဆောင်ချင်း" အဆောင်မှာ အလျား (၃၀) ပေ၊ အနံ (၂၀) ပေ စီရှိကြသည်။ ရွှေချမှုမ်းမံခြင်းမရှိဘဲ အဆောင်များအားလုံးမှာ သစ်စေးအနီသုတ် "ဟသ်ပဒါး" ဆောင်များ ဖြစ်ကြသည်။ နောက်ဘက်တွင် အိမ်သာနှင့် တန်းလျားနှစ်လုံးစီ ရှိကြသည်။



ဤတန်းလျားရ မိဖုရားဆောင်များတွင်
- အဆောင် (၈၂ - ၈၃) ၌ လင်ပန်းမိဖုရား၊
- အဆောင် (၈၅) ၌ အစ်မတော်မိဖုရား၊
- အဆောင် (၈၇) တွင် ခုနစ်ရွာမိဖုရား (ဤအဆောင်သည် မူလက နှစ်ဆောင် တွဲ အဆောင်ငယ်ဖြစ်ပြီး၊ နောက်မှ ဝဲဆောင်ကို ဖျက်သိမ်းသည်။)
- အဆောင် (၈၉ - ၉၀) တွင် သက်ပန်မိဖုရား၊
- အဆောင် (၉၂ - ၉၃) တွင် မိုင်းတုံမင်းသားမယ်တော်ဖုရားနှင့် နောက်တွင် လက်ပန်စဉ်မိဖုရား၊
- အဆောင် (၉၄) တွင် မိုးနဲမိဖုရားနှင့် ဗျိုင်းတော်မိဖုရား (၂) ပါး၊ (ဤအဆောင်လည်း မူလကနှစ်ဆောင်တွဲဖြစ်၍ ဝဲဆောင်ကိုဖျက်သိမ်းသည်။)
- အဆောင် (၉၆ - ၉၇) တွင် ကျောက်ရစ်ထိပ်ခေါင်တင်နှင့် မယ်တော် ဆယ်ရွာမိဖုရားတို့ အသီးသီး စံနေကြသည်။



တန်းလျားရမိဖုရားဆောင်များ
(မိဖုရားလတ်ဆောင်) (ပုံစံငယ်)



မိဖုရားငယ်များအဆောင်
(ပုံစံငယ်)

## အဆောင် (၉၉ - ၁၁၀) မိဖုရားငယ်ဆောင်များ

ပဥ္စမအတန်းနှင့် ဆဋ္ဌမအတန်းတွင် တန်းလျားမရ မိဖုရားငယ်များ စံနေသည်။ အချို့သည် တစ်ဆောင်တည်းဝယ် (၂) ပါးစံနေကြရသည်။ ပဥ္စမတန်း ဇေတဝန်ဆောင် ကြီး၏ မြောက်ဘက်တွင် (၂) ဆောင်တွဲအဆောင်ငယ် (၂) ဆောင်၊ ဆောင်ချင်း အဆောင်

www.burmeseclassic.com

www.burmeseclassic.com

(၂) ဆောင်၊ တောင်ဘက်၌ နှစ်ဆောင်တွဲ (၃) ဆောင်၊ စုစုပေါင်း (၇) ဆောင်ရှိပြီး နောက်၌ အိမ်သာ တစ်ဆောင်စီ ရှိသည်။

ဆဋ္ဌမတန်းတွင် အနောက်စမုတ်ဆောင်၏မြောက်ဘက်၌ နှစ်ဆောင်တွဲ (၁) ဆောင်၊ ဆောင်ချင်း (၂) ဆောင်၊ တောင်ဘက်၌ နှစ်ဆောင်တွဲ (၂) ဆောင်၊ စုစုပေါင်း (၅) ဆောင် ရှိသည်။ တန်းလျားမရ မိဖုရားငယ်ဆောင်များတွင် —

- အဆောင် (၉၉) ၌ သရစိမ်းမိဖုရား၊ နောက်တွင် နောင်မွန်ထိပ်ခေါင်တင်၊ တိုင်တားထိပ်ခေါင်တင်၊ ထရံကာထိပ်ခေါင်တင်တို့ အဆက်ဆက် စံခဲ့သည်။
- အဆောင် (၁၀၀) တွင် လဲခြားမိဖုရား၊
- အဆောင် (၁၀၁) တွင် ပြင်စည်မိဖုရား၊ ထို့နောက် သီပေါမိဖုရား၊ (ဤအဆောင်သည် မူလက နှစ်ဆောင်တွဲ ဖြစ်သည်။)
- အဆောင် (၁၀၂) တွင် ရေပွဲမိဖုရား၊
- အဆောင် (၁၀၃) တွင် ပျူကြန်မိဖုရား၊ ထို့နောက် မြစ်စဉ်မိဖုရား၊
- အဆောင် (၁၀၄) တွင် သနစစ်မိဖုရား (ကောလင်းမင်းသားမယ်တော်)၊
- အဆောင် (၁၀၅) တွင် လှိုင်ကျွန်းမိဖုရား (ဟင်္ကတော်မင်းသမီးမယ်တော်)၊
- အဆောင် (၁၀၆) တွင် ထနောင်းတိုင်မိဖုရား၊
- အဆောင် (၁၀၇) တွင် ကျေးမြင့်မိဖုရား၊
- အဆောင် (၁၀၈) တွင် ငါးပင်စဉ်မိဖုရား (မူလကနှစ်ဆောင်တွဲ)၊
- အဆောင် (၁၀၉) တွင် ငါးခွန်မိဖုရား၊
- အဆောင် (၁၁၀) တွင် မိကျောင်းတက်မိဖုရားနှင့် ကျောက်တစ်လုံးမိဖုရားတို့ အသီးသီးစံနေတော်မူခဲ့ကြသည်။

သားတော်သီပေါမင်းတရားလက်ထက်တွင် မင်းတရားကြီးလက်ထက်တော်မှကျန်ခဲ့သော မြောက်ဘက်မှ သီပေါမိဖုရားအဆောင်နှင့် တောင်ဘက်မှ ကျောက်ရဲမိဖုရားနှင့် လဲခြားမိဖုရားတို့၏ အဆောင်နှစ်ဆောင်ကိုဖျက်သိမ်း၍ အနောက်ပွဲတက် (ဝဲ / ယာ) ဆောင်များကို အသစ်ဆောက်လုပ်ခဲ့သည်။



# အနောက်ပိုင်း မင်းခန်းတော်ဆောင်များ

## အဆောင် (၁၁၁) အနောက်စမုတ်ဆောင်

အနောက်ဘက် မင်းတက်လှေကားတော်ကြီး၏ထိပ်တွင် အနောက်ကိုစမုခ်ဦးလှည့်လျက် တောင် မြောက် စမုတ်ဆောင်ကြီးများနှင့် အရွယ်တူ၊ ပုံစံတူ၊ ရွှေပိန်းချလေးထပ်ယွန်းဆောင်ကြီးရှိသည်။ အလျား (၅၃) ပေ၊ အနံ (၃၄) ပေ၊ အမြင့် (၃၄) ပေ (၉) လက်မ ရှိပါသည်။

## အဆောင် (၁၁၂ – ၁၁၃) ပွဲတက် (ဝဲ – ယာ) ဆောင်


တစ်နှစ်လျှင်သုံးကြိမ် အကန်တော့ခံမင်းပွဲကို အရှေ့မြေနန်းဆောင်ကြီးတွင် ကျင်းပပြီးသည့်နောက်တစ်ရက်တွင် အရှေ့ပွဲတက်သဘင်သို့ လာရောက်ခစားတက်ရောက်ခဲ့ကြသော စော်ဘွားကြီးများ၊ ဝန်ရှင်တော်မင်းကြီး၊ ဝန်ထောက် စသည်တို့၏ "ပွဲတက်မယား" တို့သည် အရှင်မိဖုရားခေါင်ကြီးကိုဦးတည်၍ အနောက်ပွဲတက်သဘင်ကို ကျင်းပကြသည်။ ဝဲ / ယာ ပွဲတက်ဆောင်တွင် ကတော်မယားများ နေထိုင်ခစားကြသည်။ အနောက်ပွဲတက်ဆောင်တွင်ကား လက်ယာဘက်သည် (မြောက်ဘက်ကိုဆိုလိုသည်) လက်ဝဲဘက်ထက် နေရာချင်းတူသော်လည်း တစ်ဆင့်ပို၍မြင့်မြတ်သည်ဟု သတ်မှတ်ထားပါသည်။ မင်းမိန်းမတို့၏ ပွဲတက်သဘင်သာမက အနောက်နန်းတော်တွင် ကျင်းပလေ့ရှိသော မြင်းမိုရ်ပွဲ၊ ကထိန်မသိုးသင်္ကန်းရက်၍ကပ်လှူပွဲ၊ မဟာပိန္နဲပွဲအခါများတွင်လည်း အနောက်စမုတ်၊ အနောက်ဇေတဝန်ဆောင်နှင့် ဝဲ / ယာပွဲတက်ဆောင်များကို အသုံးပြုကြသည်။ ပွဲတက် ဝဲ / ယာနှစ်ဆောင်လုံးသည် အမိုး (၂) ထပ် လည်ပေါ်ဆောင်များဖြစ်ကြပြီး ပုံစံတူ၊ အရွယ်တူ ဆောက်လုပ်ထားကြသည်။ ရွှေပိန်းချအဆောင်များ ဖြစ်ကြသည်။ အလျား (၆၄) ပေ၊ အနံ (၃၄) ပေ၊ အမြင့် (၃၂) ပေ ရှိပါသည်။

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com





အနောက်စမုတ်ပွဲတက် (ဝဲ / ယာ) ဆောင်



အနောက်ဇေတဝန်ဆောင်

## အဆောင် (၁၁၄) အနောက်ဇေတဝန်ဆောင်

အနောက်စမုတ်ဆောင်၏ (အချို့စာများ၌ စနုခြားလျက်) အရှေ့ဘက်တွင် အမိုး (၃) ထပ်၊ လည်ပေါ်၊ ရွှေပိန်းချ ဇေတဝန်ဆောင်ကြီးရှိပါသည်။ အလယ်တွင် မာရဘင်ခြားလျက် ဘေးမှ အလယ်ခန်းများကို ကာရံထားပြီး ရှေ့စွန်း၊ နောက်စွန်းများကို ပွတ်လုံးတပ်ပန်းပုဘောင်နှင့် လက်ရမ်းများ ကာရံထားသည်။

ဇေတဝန်ဆောင်ကြီး၏အနောက်ပိုင်း မာရဘင်ရှေ့တွင် ပဒုမ္မာကြာပန်းများခံကာ သရက်သားဖြင့်ထုလုပ်ထားသော မြေနန်းသီဟာသနပလ္လင်တော်ကြီးနှင့် ပုံစံအရွယ်ဆင်တူသည့် မဟာပလ္လင်အမျိုးအစား ပဒုမာသနပလ္လင်တော်ကြီးကို အနောက်ဘက်သို့ ဦးလှည့်ထားရှိသည်။ အချို့မှတ်တမ်းများ၌ ပဒုမ္မာကြာပန်းအစစ်များကို နေ့စဉ်လဲလှယ်၍ ပလ္လင်ပေါက်များတွင် ထားသည်ဟုလည်း တွေ့ရှိရသည်။ ပလ္လင်တော်၏ နောက်ပိုင်းတစ်ဝက်သည် မာရဘင်ခန်းဆီး၏နောက်တွင်ရှိ၍ တက်ရန်ရွှေချလှေကားတော်ကြီးလည်းရှိသည်။ ဤအဆောင်ရှေ့ပိုင်းတွင် တပင်တိုင်နန်းစံမင်းသမီးနှင့် အမေးတော်ခံ ကတော်ကြီးများက ခစားကြရသည်။ အလျား (၇၆) ပေ (၄) လက်မ၊ အနံ (၄၈) ပေ၊ အမြင့် (၄၉) ပေ ရှိပါသည်။

အနောက်ဇေတဝန်ဆောင်ကြီး၏အရှေ့ဘက်မှ အလယ်နန်းမိဖုရားဆောင်ကြီးတိုင် မင်းလမ်းမကြီးရှိပြီး ဇေတဝန်ဆောင်၏ အရှေ့ဘက်ကွက်လပ်တွင် မင်းလမ်းမကြီး၏ ဝဲ / ယာ၌ ရေကန်ငယ် (၂) ခုရှိသည်။ ရေကန်ကို အမိုးနှစ်ဆင့်ပါ လည်ပေါ်ဆောင်ဖြင့် မိုးကာထားသည်။



အဆောင် (၃၂) ပွဲကြည့်ဆောင်၏တောင်ဘက် မြေပြင်ပေါ်တွင် မင်းတရားကြီး လက်ထက်တော်အခါက သစ်ဝါးများဖြင့်ဆောက်လုပ်ပြီး သက်ကယ်မိုး အဝိုင်းကတော့ပုံ အမိုးပါထီးဖြူရုံ (ဖာတ်ရုံတော်) ကြီးကို မင်းပွဲအခမ်းအနားရှိသည့်အခါမှ ယာယီ ဆောက်လုပ်စေခဲ့သည်။

သားတော်သီပေါမင်းလက်ထက်တွင် ယာယီထီးဖြူရုံအစား အရှေ့ အနောက် ခေါင်ရိုးရှိ အမိုး (၃) ဆင့် ယွန်းဆောင်ကြီးကို အမြဲဆောက်လုပ်ထားခဲ့သည်။ ဤသည်ကို ကပွဲရုံဟုခေါ်ကြသည်။ မြေပုံတွင် အဆောင် (၁၁၅) အဖြစ် မှတ်သားထားသည်။

BURMESE CLASSIC .com

www.burmeseclassic.com

## မြန်နန်းစံကျော်ရွှေနန်းတော်ကြီး၏ ပန္နက်ပုံစံပါ


www.burmeseclassic.com

## အဆောင်များ၏အညွှန်း

| အဆောင်အမှတ် | အဆောင်အမည် |
|---|---|
| (၁) | အရှေ့စမှတ်ဆောင် |
| (၂) | မြေနန်းစနေဆောင် |
| (၃) | လက်ဝဲမြေနန်းပွဲတက်ဆောင် |
| (၄) | လက်ယာမြေနန်းပွဲတက်ဆောင် |
| (၅) | မြေနန်းပြာသာဒ်တော်ကြီး |
| (၆) | ဇေတဝန်စနေဆောင် |
| (၇) | ဇေတဝန်ဆောင် |
| (၈) | ဖြိုတိုက်စနေဆောင် |
| (၉) | ဖြိုတိုက်ဆောင် |
| (၁၀) | လေသာကျူးစနေဆောင် |
| (၁၁) | လေသာဆောင် |
| (၁၂) | ညီလာခံစနေဆောင် (ဖောင်းတော်စနေဆောင်) |
| (၁၃) | ဖောင်းတော်ဆောင် |
| (၁၄) | မြောက်ထားဝယ်ဆောင် |
| (၁၅) | တောင်ထားဝယ်ဆောင် |
| (၁၆) | လက်ဘက်ရည်တော်ဆောင် |
| (၁၇) | ရွှေတိုက်ဆောင် |
| (၁၈) | အစည်းအဝေးအုတ်တိုက် |
| (၁၉) | နန်းမြင့်မျှော်စင် |
| (၂၀) | ကန်ငယ်အုတ်တိုက် |
| (၂၁) | ရွှေနန်းတော်ကလေး |
| (၂၂) | တောင်စမှတ်ဆောင် |
| (၂၃) | တောင်ရေစက်သွန်းပြာသာဒ်ဆောင် |
| (၂၄) | အုတ်တိုက်နန်းတော် (သီပေါမင်း နေ့ရာသီအပန်းဖြေဆောင်) |
| (၂၅) | မြောက်စမှတ်ဆောင် |
| (၂၆) | မြောက်ရေစက်သွန်းပြာသာဒ်ဆောင် |
| (၂၇) | မြောက်ပန်းခုံအုတ်တိုက် |
| (၂၈) | နံ့သာနန်းတော် (နံ့သာဆောင်) |
| (၂၉) | ချိုးရေတော်သုံးအဆောင်နှင့် အိမ်သာတော် |
| (၃၀) | မှန်နန်းစနေဆောင် |
| (၃၁) | မှန်နန်းတော်ကြီး (မှန်နန်းဆောင်) |
| (၃၂) | ပွဲကြည့်ဆောင် |
| (၃၃ - ၃၆) | မြောက်နန်းမတော် မဟေသီဆောင် |
| (၃၇) | တပင်တိုင်နန်းဆောင် |
| (၃၉ - ၄၂) | အလယ်နန်းမတော် မဟေသီဆောင် |
| (၄၃ - ၄၆) | တောင်နန်းမတော် မဟေသီဆောင် |
| (၄၇ - ၄၈) | ကောလင်းမင်းသမီးဆောင် |
| (၄၉ - ၅၁) | စိန်တုံးမိဖုရားဆောင် |
| (၅၂ - ၅၄) | အလယ်နန်းမိဖုရားဆောင် (မယ်တော်ဆောင်) |
| (၅၅ - ၅၇) | အနောက်နန်းမိဖုရားဆောင် |
| (၅၈ - ၆၀) | ပုခန်းကြီးစုမိဖုရားဆောင် |
| (၆၁ - ၆၃) | မြောက်ဆောင်တော် |
| (၆၄ - ၆၅) | ကန္တီထိပ်ခေါင်တင်အဆောင် |
| (၆၆ - ၆၈) | မြောက်ရွှေရေးဆောင် |
| (၆၉ - ၇၄) | သမီးတော် (၂) ဆောင် |
| (၇၅ - ၇၈) | တောင်ရွှေရေးဆောင် |
| (၇၉ - ၈၁) | တောင်ဆောင်တော်မိဖုရားဆောင် |
| (၈၂ - ၉၈) | တန်းလျားရမိဖုရားများအဆောင် |
| (၉၉ - ၁၁၀) | မိဖုရားငယ်များအဆောင် |
| (၁၁၁) | အနောက်စမှတ်ဆောင် |
| (၁၁၂ - ၁၁၃) | အနောက်ပွဲတက် (ဝဲ / ယာ) ဆောင် |
| (၁၁၄) | အနောက်ဇေတဝန်ဆောင် |


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com